ဓမ္မဒါနကုသိုလ်ရှင်

နတ်လှူသာခုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၀၂)

# ယာမမင်းကြီးရဲ့ ဆန္ဒ

အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ယမမင်းကြီးရဲ့ ဆန္ဒ

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

## ယမမင်းကြီးရဲ့ဆန္ဒ

သာသနာတော်နှစ် ၂၅၅၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆-ရက်နေ့၊ မုံရွာမြို့၊ နန္ဒဝန်မြို့သစ်၊ မန်ကျည်းအုပ်တောရကျောင်းတိုက်၊ တာဝတိံသာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ဗုဒ္ဓပူဇနီယပွဲတော်အကြို ဓမ္မသဘင်အခမ်းအနားဝယ် မုံရွာမြို့ အမှတ်(၂) စက်မှုဇုံ သီရိမင်္ဂလာလမ်း၊ စိန်မင်း ပဲခွဲစက်နှင့် ပဲကြော်လုပ်ငန်း ဦးမြင့်ဦး + ဒေါ်မိုမိုဇော်မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "ယမမင်းကြီး၏ဆန္ဒ" တရားဒေသနာတော်။

တရားချစ်ခင်သူတော်စင်ပရိသတ်တို့ ယမမင်းဆိုတာ ကြားဖူးနားဝရှိနေကြပါပြီ၊ သို့သော် ယမမင်းရဲ့အကြောင်းကို လူတိုင်း သိချင်မှ သိကြလိမ့်မယ်၊ သိထားဖို့တော့ ကောင်းတယ်၊ တချို့ ရေစက်ချ အမျှဝေတဲ့အခါမှာ "ငရဲသနင်း ယမမင်းကြီးအား

လည်းကောင်း"လို့ အမျှဝေလေ့ ရှိကြတယ်၊ အဲဒီ ယမမင်းဆိုတာ တကယ်ရော ရှိသလား၊ ရှိတယ် ဆိုတာကို မြတ်စွာဘုရားဟောကြားထားတဲ့ တရား ဓမ္မထဲမှာ ပါသလားလို့ ဒီလို မေးရမယ်နော်။

တချို့အကြောင်းအရာတွေက သံဂါယနာ ခြောက်တန်တင်ထားတဲ့ ပိဋကတ်စာပေတွေထဲမှာ မပါဘဲနဲ့ လူပြောသူပြော အစဉ်အလာ ပြောလာလို့ ရှိနေတဲ့ အရှိတွေက ရှိသေးတယ်ပေါ့၊ ယမမင်း ဆိုတာ သံဂါယနာခြောက်တန်တင်တဲ့ စာထဲမှာ မပါ ဘဲ သူပြောကိုယ်ပြောအနေနဲ့ ရှိတာလားလို့ စဉ်းစား ရမယ့်အချက်တစ်ခု။

ယမမင်းအကြောင်းနဲ့ ဆက်နွယ်ပြီး လူတွေက သိချင်ကြတယ်၊ ငရဲဆိုတာရော တကယ်ရှိသလား၊ တိရစ္ဆာန်ဆိုတာကိုတော့ လူတွေက လက်ခံထားကြ တယ်၊ မိမိမျက်စိနဲ့ မမြင်ရရင် မရှိဘူးလို့ ငြင်းတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်။

၁၃-ဘုံဆိုတာနဲ့ ပတ်သက်ပြီးတော့ လူတွေ မျက်စိထဲမှာ မြင်လာတာက လူ့ဘုံနဲ့ တိရစ္ဆာန်ဘုံ၊ ဒီနှစ်ဘုံပဲ လူတွေ မြင်ကြတယ်၊ အချို့ပုဂ္ဂိုလ်တွေက ၁၃-ဘုံဆိုတာဟာ မရှိနိုင်ဘူး၊ လူ့ဘုံနဲ့ တိရစ္ဆာန်ဘုံ, လူတွေ မြင်ရတာ ဒီနှစ်ခုပဲ ရှိတယ်လို့ မြန်မာပြည်မှာ ဒီလိုဟောပြောပြီး စာအုပ်တွေ ရေးသားထုတ်ဝေခဲ့ တာတွေ ရှိခဲ့တယ်၊ အဲဒါကြောင့် ပိဋကတ်စာပေထဲ မှာ ဘယ်လိုရှိသလဲဆိုတာ သိထားဖို့ လိုအပ်တယ် ပေါ့။

လူတွေဆိုတာကတော့ ကိုယ့်အမြင် ကိုယ်ပြော ကြတာပဲ၊ သို့သော် စာလာ ပေလာ လက်ခံထားတာ ဟုတ်ကဲ့လားဆိုတာကို သိဖို့ အရေးကြီးတယ်ပေါ့၊ နှိုမ့်ဆိုလို့ရှိရင် အပြောကောင်းတဲ့လူက ပြောသွားလို့ ရှိရင် ဟိုလူပြော ဟုတ်နိုးနိုး, ဒီလူပြော ဟုတ်နိုးနိုး ဖြစ်ပြီး ဘာသာရေးနဲ့ ပတ်သက်တဲ့ အတွေးအခေါ် အယူအဆတွေဟာ မှားယွင်းချွတ်ချော်မှုတွေ လွှမ်းမိုး သွားနိုင်တယ်။

ငရဲဆိုတာ တကယ်ရှိသလား၊ စာပေကျမ်းဂန်အရ ယမမင်းကြီးဆိုတာရော တကယ်ရှိသလား၊ အဲဒီအကြောင်းအရာလေးတွေကို ဟောပြောချင်လို့ ဘုန်းကြီးတို့ ဒီကနေ့ ခေါင်းစဉ် ပေးလိုက်တာက **"ယမမင်းကြီးရဲ့ဆန္ဒ"** တဲ့။

ယမမင်းကြီးရဲ့ဆန္ဒကို မပြောခင် စာလာပေလာ ငရဲဘုံတာ ရှိသလားလို့- ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့ဘဲ့ ထိုထိုသုတ္တန်တွေမှာ **'နိရယ'**ဆိုတဲ့ စကားလုံးကို အမြဲတမ်းလိုလို သုံးထားတာ ရှိတယ်၊ **"အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ"** - မြတ်စွာဘုရားက အပါယ်လေးဘုံလို့, တစ်သုတ်တည်း မကဘူး, သုတ္တန် တော်တော်များများမှာ ဟောထားတာ ရှိတယ်၊ နိရယဆိုတဲ့ ငရဲဘုံနဲ့ ပတ်သက်ပြီးတော့လည်းပဲ သံဂါယနာခြောက်တန်တင် ဒေသနာတော်တွေထဲမှာ ဒေဝဒူတသုတ်ဆိုတာ နှစ်သုတ် ရှိတယ်၊ အင်္ဂုတ္တရနိကာယ်မှာလည်းပဲ ဒေဝဒူတသုတ်ဆိုတာ ပါတယ်၊ မဇ္ဈိမ-နိကာယ်မှာလည်းပဲ ဒေဝဒူတသုတ်ဆိုတာ ပါတယ်၊

မြတ်စွာဘုရားကိုယ်တိုင်ကိုက တခြားသုတ္တန်တွေမှာ လည်းပဲ အပါယ်လေးဘုံအကြောင်း ဟောထားတာ တွေ ရှိတယ်၊ စာလာပေလာအရ အပါယ်ဆိုတာ တကယ်ရှိတယ်လို့ ပြောရမယ်။

မြတ်စွာဘုရားက သုတ္တန်တစ်ခုမှာ ဘယ်လို ဟောထားတုန်းဆိုရင် လောကမှာ **အဓမ္မစရိယာ** - ဓမ္မရဲ့ဆန့်ကျင်ဘက်အကျင့်တွေ၊ (ဒါတွေက ဒုစရိုက် တွေကို ပြောတာ၊ အကုသိုလ်အလုပ်တွေပေါ့၊) ဓမ္မရဲ့ ဆန့်ကျင်ဘက်အကျင့်တွေ၊ အဲဒီအကျင့်တွေ ရှိနေလို့ အပါယ်လေးဘုံဆိုတာ ရှိနေတာပါတဲ့။

ဒါ စဉ်းစားစရာနော်၊ ကိုယ်မမြင်ရပေမယ့်လို့ ရှိတယ်ဆိုတာကို၊ ကဲ လူ့လောကမှာ ဘုန်းကြီးတို့ စဉ်းစားကြည့် - **အဓမ္မစရိယာ** တရားမဲ့ပြုကျင့်မှု ဆိုတာတွေ မရှိဘူးလား၊ ရှိတယ်နော်၊ အကုသိုလ် တရားတွေကို ပြုကျင့်တယ်။

ဆိုပါစို့- **ကာယဒုစရိုက်** သူများအသက်သတ် တယ်၊ သူများဥစ္စာ ခိုးတယ်၊ သူများသားမယား စော်

ကားတယ်ဆိုတဲ့ ကိုယ်ဖြင့်ပြုအပ်တဲ့ အကျင့်ဆိုး သုံးမျိုး၊ **ဝစီဒုစရိုက်** မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပလို့ဆိုတဲ့ ဝစီဒုစရိုက် နှုတ်ဖြင့် ပြုအပ်တဲ့ အကျင့်ဆိုးလေးမျိုး။

**မနောဒုစရိုက်** အဘိဇ္ဈာ- သူများပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်ချင်မှု လောဘ၊ ဗျာပါဒ- သူတစ်ပါးတွေ သေကြေ ပျက်စီးပါစေ ဆုံးရှုံးနစ်နာပါစေလို့ တွေးစေတဲ့ဒေါသ၊ မိစ္ဆာဒိဋ္ဌိ- ကံကံ၏အကျိုးကို ငြင်းပယ်တဲ့ မှားယွင်းသောအမြင်ဆိုတဲ့ စိတ်ဖြင့် ပြုအပ်တဲ့ မနောဒုစရိုက်သုံးမျိုး၊ အဲဒီသဘာဝတရားတွေဟာ လူတွေရဲ့သန္တာန်မှာ ရှိသလား မရှိဘူးလား ဆိုတာ အရင် စဉ်းစား။

အားလုံးပရိသတ်တွေ အခုပြောခဲ့တဲ့ ဒုစရိုက်ဆိုးတွေ မနောဒုစရိုက်တို့ ဝစီဒုစရိုက်တို့ ကာယဒုစရိုက်တို့ လူတွေရဲ့သန္တာန်မှာ ရှိ မရှိ၊ (ရှိပါတယ်ဘုရား၊) ရှိတာ သေချာတယ်နော်၊ အေး မြတ်စွာဘုရားက ဒါတွေ ရှိနေလို့ရှိရင် အပါယ်လေးဘုံဟာ ရှိနေမယ်၊

ကိုယ့်မျက်စိနဲ့ မမြင်ရပေမယ့်လို့ အပါယ်လေးဘုံဟာ ရှိတယ်လို့ လက်ခံရမယ်၊ ဘာဖြစ်လို့လဲ၊ အကြောင်းတွေက ရှိနေတယ်၊ အကြောင်းရှိလို့ရှိရင် အကျိုးဆိုတာ ရှိတာပဲ။

ဆိုပါစို့- ချင်းတွင်းမြစ်ကြီး ရေတွေတိုးလာလို့ ကမ်းပေါ်မှာ မေးတင်နေပြီ၊ စိုးရိမ်ရေအမှတ် ရောက်နေပြီဆိုရင် အထက်အညာမှာ မိုးတွေတအား ရွာနေတယ်လို့ မသိနိုင်ဘူးလား၊ ကိုယ်ကတော့ မိုးရွာနေတာကို မမြင်ရဘူး၊ မြင်ရတာက အောက်ခြေမှာ ချင်းတွင်းမြစ်ကြီး ရေလျှံနေတာ ဖြစ်တယ်၊ အညာမှာ မိုးရွာတာ ကိုယ်မြင်ရရဲ့လား၊ မမြင်ရဘူး၊ အေး မမြင်ရပေမယ့်လို့ ချင်းတွင်းမြစ်ကြီး ရေတွေလျှံနေပြီဆိုရင် အညာမှာ မိုးတွေ ကောင်းနေတယ်လို့ ပြောရင် မှားသလား၊ (မမှားပါဘူးဘုရား၊) အဲဒါကို **အနုမာနဉာဏ်** လို့ ခေါ်တယ်၊ **အနုမာန**ဆိုတာ အကြောင်းကို ထောက်ဆပြီးတော့ အကျိုးတရားကို သိရတယ်၊

အကျိုးတရားကို ထောက်ဆပြီးတော့ အကြောင်းတရားကို သိရတယ်တဲ့။

ခုလည်း **အမေ့စရိယာဆိုတဲ့** အကြောင်းအထွေထွေကို ထောက်ဆပြီးတော့ ကြည့်လိုက်မယ်ဆိုရင် မကောင်းတဲ့အကျင့်ဆိုးတွေကို ကျင့်နေတဲ့ပုဂ္ဂိုလ်တွေရဲ့ဖြစ်ရာ ဘုံဘဝဆိုတာ မရှိနိုင်ပေဘူးလား။ ရှိတယ်နော်၊ မြတ်စွာဘုရားကတော့ အဲဒီလိုဟောထားတယ်၊ ဒါတွေကနော်၊ မြတ်စွာဘုရားက ရှိတယ်လို့ ဟောတာ၊ ထိုထိုသုတ္တန် ပါဠိတော်တွေထဲမှာ မြောက်မြားစွာ ပါတယ်၊ ငရဲဆိုတာ ရှိတယ်လို့ဟောတာ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတာ ရှိ တယ်။

အေး တိရစ္ဆာန်ရှိတယ်ဆိုတာက လူတွေကမြင်ကြတယ်၊ ငရဲတို့ ပြိတ္တာတို့ အသူရကာယ်တို့ ရှိတယ်ဆိုတာကျတော့ လူတွေက မမြင်ကြဘူး၊ မမြင်တော့ တချို့ပုဂ္ဂိုလ်တွေက ဒါတွေကို မရှိဘူးလို့ ငြင်းကြတယ်၊ မြန်မာပြည်မှာကိုပဲ “သုံးဆယ့်တစ်ဘုံဝါဒ

ဗုဒ္ဓလက်မခံ” ဆိုပြီးတော့ ရေးထားတဲ့စာအုပ် ဘုန်းကြီးတို့ငယ်ငယ်က ဖတ်ဖူးတယ်၊ တကယ်တော့ ဖြစ်သင့်တာက ဗုဒ္ဓလက်မခံတာ မဟုတ်ပါဘူး၊ စာရေးတဲ့သူ လက်မခံတာ၊ သူလက်မခံတာကိုပဲ ဘုရားလက်မခံဘူးလို့ ပြောထားတယ်နော်၊ အဲဒါလည်း စာတွေဖတ်တဲ့အခါမှာ ဒါ သတိထားစရာနော်၊ ရေးထားတာက “သုံးဆယ့်တစ်ဘုံဝါဒ ဗုဒ္ဓလက်မခံ”တဲ့။

ဗုဒ္ဓက လက်မခံတာ မဟုတ်ဘူး၊ လက်ခံတယ်၊ ဘာဖြစ်လို့ ပြောလို့ ရသလဲ၊ ထိုထိုသုတ္တန်တွေမှာ မြတ်စွာဘုရားက အပါယ်လေးဘုံအကြောင်း နတ်ပြည်အကြောင်း ဗြဟ္မာ့ပြည်အကြောင်း ဟောထားတာတွေ မြောက်မြားစွာ ရှိတယ်လေ၊ အဲဒီသုတ္တန်တွေဟာ သံဂါယနာခြောက်တန်တင်ထားတဲ့ သုတ်တွေချည်းပဲ။

ဒါ့ကြောင့်မို့ မြတ်စွာဘုရားက အကြောင်းအကျိုးဆင်ခြင်ပြီး ပြတယ်၊ လူတွေရဲ့သန္တာန်မှာ အမွေစရိယလို့ ခေါ်တဲ့ အကုသိုလ်တရားက ဖြစ်ပွားနေမှုတွေ

ရှိနေသောကြောင့် အပါယ်လေးဘုံ (ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်)ဆိုတာ ထင်ရှားရှိနေတာပါတဲ့၊ ဟုတ်တာပေါ့၊ လောကမှာ အမျိုးမျိုးပေါ့လေ၊ ရာဇဝတ်သားတွေကို ထိန်းသိမ်းဖို့ ထောင်ဆိုတာ မျက်မှောက်ခေတ်မှာ မရှိဘူးလား၊ ရှိတယ်နော်၊ အဲဒါမျိုးလိုပဲ သဘာဝတရားမှာလည်းပဲ ဒါမျိုးတွေ ရှိတယ်လို့ ဒီလို မှတ်ရမယ်၊ ရှိတယ်ဆိုတာကို သေချာသိအောင် ကိုယ့်ဟာကိုယ် စဉ်းစားကြည့်။

နောက်တစ်ခု မြတ်စွာဘုရားက ဆန့်ကျင်ဘက်အနေနဲ့ ပြောတယ်၊ **အဓမ္မစရိယာ**ဆိုတဲ့ တရားမဲ့ ပြုကျင့်မှု စရိုက်ဆိုးတွေ ရှိသလိုပဲ **ဓမ္မစရိယာ** စိတ်ကောင်းနှလုံးကောင်း ရှိပြီးတော့ ကုသိုလ်တရားတွေ ပြုကျင့်နေတာတွေ, တရားသဘောအတိုင်း ဆောင်ရွက်လုပ်ကိုင်နေကြတာတွေရော လောကမှာ မရှိဘူးလား၊ ဆိုလိုတာက သူများအသက်သတ်တဲ့ပုဂ္ဂိုလ် ရှိသလို သူများအသက်သတ်မှုမှ ရှောင်ကြဉ်တဲ့ပုဂ္ဂိုလ် မေတ္တာထားတဲ့ပုဂ္ဂိုလ်ရော မရှိဘူးလား၊ ရှိတယ်နော်၊

အေး ဓမ္မစရိယာဆိုတဲ့ ကောင်းတဲ့အကျင့်များကို ကျင့်ကြံကြိုးကုတ်အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေ ရှိနေလို့ လူ့ပြည်ဆိုတာ ရှိနေတယ်တဲ့၊ နတ်ပြည်ဆိုတာ ရှိနေတယ်တဲ့၊ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ကုသိုလ်တရားတွေကို ပြုလုပ်တဲ့ပုဂ္ဂိုလ်တွေရဲ့ အကျိုးပေးရာဘုံဆိုတာ ရှိကို ရှိရတယ်။

ဘုံကို ငြင်းပယ်လိုက်တာနဲ့ တစ်ပြိုင်နက် ကံတရားကို ငြင်းပယ်ရာ ရောက်သွားတယ်၊ ဘာဖြစ်လို့တုန်းဆိုရင် အကြောင်းတရားကို ငြင်းပယ်လိုက်လို့ပဲ ဖြစ်တယ်၊ အကျိုးတရားကို ငြင်းပယ်လိုက်ရင်လည်း အကြောင်းတရားကို ငြင်းပယ်ပြီးသား ဖြစ်သွားတယ်၊ အကြောင်းတရားကို ငြင်းပယ်ရင်လည်း အကျိုးတရားကို ငြင်းပယ်ပြီးသား ဖြစ်သွားတယ်၊ ဘာဖြစ်လို့လဲ၊ အကြောင်းနဲ့အကျိုးဆိုတာ ဆက်စပ်နေတယ်။

အဲဒါကြောင့်မို့ မြတ်စွာဘုရားဟောတာက ရှင်းရှင်းလေးရယ်၊ မကောင်းမှုဒုစရိုက်တွေ ရှိနေလို့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်လို့ဆိုတဲ့ အပါယ်

ဘုံတွေ ရှိနေတာတဲ့၊ ကောင်းတဲ့သုစရိုက်တရားတွေ ထွန်းကားနေလို့ လူ့ပြည် နတ်ပြည်ဆိုတာတွေ ရှိနေတာတဲ့၊ ဒါ မြတ်စွာဘုရားက တွေးခေါ်တတ်အောင် ဟောကြားပေးထားတာ။

အဲဒီတော့ ငရဲဘုံ တကယ်ရှိနေပြီလို့ဆိုတဲ့အခါ လူတွေပြောနေကြတဲ့ **ငရဲသနင်း ယမမင်းကြီးဆိုတာ** ရော ရှိသလားလို့ဆိုတော့ မြတ်စွာဘုရား ဒေဝဒူတ သုတ္တန်မှာ ယမမင်းအကြောင်း ဟောထားတာ ရှိတယ်၊ ငရဲကို ကြီးစိုးထားတဲ့ ယမမင်းကြီးဆိုတော့ လူတွေက ကြောက်ကောင်း ကြောက်ကြလိမ့်မယ်နော်၊ တကယ်တော့ ယမမင်းကြီးက ကြောက်စရာ မကောင်းဘူး၊ အင်မတန်မှ ချစ်စရာကောင်းတယ်၊ ကြည်ညိုစရာကောင်းတယ်။

ယမမင်းဆိုတာ ဘယ်သူလဲလို့ မေးလို့ရှိရင် ယမမင်းဆိုတာ **ဝေမာနိကပေတရာဇာ**၊ ဗိမာန်ရှိတဲ့ ပြိတ္တာဘုရင်ကြီးတစ်ဦးပါတဲ့၊ သူက တစ်ယောက်တည်း ရှိတာ မဟုတ်ဘူးတဲ့၊ ယမမင်းကြီးဆိုတာ

တကယ့်သူတော်ကောင်းကြီး၊ သူက ကြောက်စရာ မလိုဘူး၊ အင်မတန်တောင်မှ ကရုဏာကြီးမားတယ်၊ သူ့ရဲ့ဘဝက ဒီဝေမာနိကပြိတ္တာဘဝ ဖြစ်တယ်၊ တချို့က စတုမဟာရာဇ်နတ်ထဲမှာ ပါတယ်ပေ့ါ၊ စတုမဟာ -ရာဇ်နတ်ဆိုတော့ နတ်ပြည်ခြောက်ထပ်မှာ အနိမ့်ဆုံးနတ်ပြည်၊ သူက ဝေမာနိကပြိတ္တာမျိုးဆိုတော့ သိပ်ပြီးတော့ အဆင့်အတန်းမြင့်တဲ့နတ်တော့ မဟုတ်ဘူး၊ သူ့မှာ ဘုံဗိမာန်လည်း ရှိတယ်၊ အစွမ်းတန်ခိုးလည်း ရှိတယ်၊ **သူ့ရဲ့အစွမ်းအထက်ဆုံးလက်နက်က** မျက်လုံးတဲ့၊ အခြားလက်နက်တွေ သုံးစရာ မလိုဘူးတဲ့၊ မျက်လုံးနဲ့ ကြည့်လိုက်တာနဲ့တင်ပဲ အကုန်လုံးကို သူက နှိမ်နင်းပြီးသား ဖြစ်သွားတယ်၊ ဒါ **ကမ္ဘဇိန္ဒ** လို့ ခေါ်တယ်နော်။

ဆိုပါစို့- တိရစ္ဆာန်တွေမှာ တချို့အကောင်တွေ အစွယ်ရှိကြတယ်၊ မြွေလည်း အစွယ်ရှိတယ်၊ တစ်မျိုးနဲ့ တစ်မျိုး မတူကြဘူးပေ့ါ၊ မြွေမှာ ကမ္ဘဇသတ္တိ ပါလာတယ်၊ သူ့အစွယ်ထဲမှာ ဘာရှိတုန်းဆိုတော့ အဆိပ်

ရှိတယ်၊ ဒီအဆိပ်က ဘယ်သူက ပေးထားတာတုန်း ဆိုတော့ သူ့ကံက ပေးထားတာ၊ သူ့ဘဝကို ကာကွယ်ဖို့အတွက် ပေးထားတာ၊ အဆိပ်ရှိတယ်၊ ရန်သူတွေကို ဖယ်ရှားပစ်နိုင်တဲ့အဆိပ်၊ ရန်သူတွေကို တွန်းလှန်နိုင်မယ့်အဆိပ်၊ နောက် အင်မတန်မှ တန်ခိုးကြီးတဲ့ နဂါးကြီးတွေဆိုလို့ရှိရင်လည်း အင်မတန်မှ ပြင်းထန်တဲ့အဆိပ်တွေ ရှိကြတယ်၊ ဒါကို ကမ္မဇိဒ္ဓိလို့ ခေါ်တယ်၊ ကံကပေးတဲ့ စွမ်းရည်သတ္တိတွေပေါ့။

ငှက်တွေကိုလည်း ကြည့်၊ ငှက်တွေဟာ အတောင်ကလေးနှစ်ဖက် ရိုက်ခတ်ပြီး ကောင်းကင်ပေါ် ပျံသွားနိုင်တယ်၊ လူတွေ မလုပ်နိုင်ဘူး၊ ငှက်တွေ ကောင်းကင်ပျံနိုင်တာ ဘယ်သူက ပေးတာတုန်းဆို ကံက ပေးတာ၊ အဲဒါကို ကမ္မဇိဒ္ဓိလို့ ခေါ်တယ်။

ဒါဖြင့် လူတွေမှာရော ကံကပေးတဲ့ တန်ခိုး ရှိလားဆိုတော့ ရှိတယ်၊ လူတွေရဲ့အစွမ်းတန်ခိုးက လူကို မြင်လိုက်တာနဲ့ တိရစ္ဆာန်တွေ လန့်ဖျန့်သွားတယ်၊ ဒါ လူတွေရဲ့ကမ္မဇိဒ္ဓိပဲ၊ လူကလည်းပဲ တစ္ဆေမြင်ရင်

လန့်တာနဲ့ အတူတူပဲ၊ တချွေမှာလည်းပဲ သူ့ကမ္ဘဇိဒ္ဓိ တွေ အသီးသီးရှိကြတယ်ပေါ့။

ကောင်းပြီ- ယမမင်းကြီးဆိုတာ ဝေမာနိက ပေတရာဇာ၊ ဝေမာနိကဗိမာန်ရှင်ဖြစ်တဲ့ ပြိတ္တာဘုရင် ကြီးတဲ့၊ သူ့မှာ အမြဲတမ်း ချမ်းသာသုခ ရတာ မဟုတ် ဘူး၊ ပြိတ္တာဆိုတာက ကြားဖူးကြတယ် မဟုတ်လား၊ တချို့က ကုသိုလ်ကောင်းမှုကို နေ့မှာ လုပ်တယ်, ည ကျတော့ အကုသိုလ်လုပ်တယ်ဆိုရင် နေ့ကျတော့ ချမ်းသာသုခ စံစားပြီးတော့ ညကျတော့ ဒုက္ခ ခံရ တယ်၊ "နေ့စံ ညခံ"ဆိုတဲ့ အဓိပ္ပါယ်၊ တချို့ကျတော့ ညအခါ ကုသိုလ်ကောင်းမှုတွေ လုပ်ပြီး နေ့ကျတော့ အကုသိုလ်တွေ လုပ်သည့်အတွက်ကြောင့် ညအခါ ကျတော့ ချမ်းသာသုခခံစားရပြီး နေ့ကျတော့ ဆင်းရဲ ဒုက္ခ ခံရတယ်၊ "ညစံ နေ့ခံ" ပြိတ္တာတွေ၊ အဲဒီလို လောကမှာ သတ္တဝါတွေဆိုတာ "ဘယ်သူမပြု မိမိမှု" ဆိုတဲ့အတိုင်း ကိုယ်လုပ်ခဲ့တာတွေ ကိုယ်ခံနေကြရ တယ်။

အေး ယမမင်းကြီးဆိုတာ ဘုံဗိမာန်ရှင်ဖြစ်တဲ့ ပေတရာဇာ ပြိတ္တာဘုရင်ကြီးတစ်ဦး ဖြစ်တယ်၊ သူ ကိုယ်တိုင်လည်းပဲ ကံမကောင်း အကြောင်းမသင့်တဲ့ အခါမှာ ပြဿနာတွေ ဆင်းရဲဒုက္ခတွေ ခံစားရရှာ တယ်၊ အများသတ္တဝါတွေ ငရဲရောက်သွားပြီဆိုရင် သိပ်ဒုက္ခကြီးတယ်၊ အပါယ်လေးဘုံထဲမှာ အဆိုးဆုံး ကတော့ ငရဲပဲ၊ ဒါ့ကြောင့်မို့လို့ ငရဲဆိုတဲ့ စကားလုံး ကို ပါဠိစာပေမှာ 'နိရယ'၊ 'နိ' ဆိုတာ မရှိဘူး၊ 'အယ' ဆိုတာ ချမ်းသာသုခ၊ ချမ်းသာသုခ တစ်စက်မှ မရှိ တဲ့နေရာကို ငရဲလို့ ခေါ်တာပဲ၊ ချမ်းသာသုခတွေ ကင်းတယ်။

အခု ဘုန်းကြီးတို့တတွေ လူ့ပြည်လူ့လောက ရောက်နေကြတဲ့အခါမှာ အမြဲတမ်း ပျော်လို့ ရွှင်လို့ - ဟုတ်လား၊ အမြဲတမ်းလိုလို ချမ်းသာသုခ ရနေကြ တယ်၊ လူတွေမှာတောင်မှပဲ တစ်ခါတရံကျတော့ ချမ်းသာသုခ ဆုံးရှုံးသွားတာ ရှိတယ်၊ နေမကောင်း ထိုင်မသာ ဖြစ်နေတာတို့ ခေါင်းကိုက်တာတို့ သွား

ကိုက်တာတို့ဆိုတဲ့ပြဿနာတွေ ကြုံနေတာတို့၊ အဲဒီအချိန်မှာ ချမ်းသာသုခတွေ မဆုံးရှုံးဘူးလား၊ ဆုံးရှုံးတယ်၊ အဲဒီလို ဆုံးရှုံးနေတဲ့အချိန်မှာဆို ဘယ်လောက်ခံရလဲ၊ လူတွေမှာတောင် ခံစားရတယ်ဆိုတော့ ငရဲဘုံ ရောက်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ ချမ်းသာသုခ ထာဝရဆုံးရှုံးနေတဲ့ပုဂ္ဂိုလ်တွေပါ။

မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ ဟောထားတာလေး ရှိတယ်၊ ရဟန်းတွေကို သတိပေးတဲ့အနေနဲ့၊ "ချစ်သားရဟန်းတို့ - သင်တို့ဟာ သိပ်ကံကောင်းကြတယ်"တဲ့၊ လူ့ဘုံလူ့ဘဝရတာ အင်မတန်မှ ကံကောင်းတယ်တဲ့၊ ဘာဖြစ်လို့တုန်းဆိုလို့ရှိရင် "ငရဲဘုံကို ရောက်နေကြတဲ့သတ္တဝါတွေဟာ" တဲ့၊ "မျက်စိက မြင်ရသမျှတွေဟာ အကောင်းတစ်ခုမှ မပါဘူး၊ အဆိုးချည်းပဲ၊ စိတ်ချမ်းသာစရာ တစ်ခုမှ မရှိဘူး"လို့ ပြောတယ်၊ မြင်ရသမျှ မြင်ကွင်းတွေဟာ အမလေးအလိုလေး သွေးရဲရဲသံရဲရဲ အော်ဟစ်ငိုကြွေးနေတဲ့ မြင်ကွင်းတွေ အနိဋ္ဌာရုံတွေချည်းပဲ သူတို့ မြင်

ရတယ်”တဲ့၊ “အသံကြားရတော့လည်းပဲ သာယာတဲ့ အသံဆိုတာ တစ်စက်မှ မကြားရဘူး၊ နားထဲမှာ မခံသာတဲ့အသံတွေပဲ ကြားရတယ်၊ နှာခေါင်းက အနံ့ရတဲ့အခါလည်းပဲ အင်မတန်ဆိုးတဲ့ ပြင်းထန်တဲ့အနံ့ဆိုးကြီးတွေပဲ ရှိတယ်၊ လျှာမှာ အရသာခံတဲ့အခါမှာလည်းပဲ ကောင်းတဲ့အရသာဆိုတာ တစ်ခုမှ မရှိဘူးတဲ့၊ ခန္ဓာကိုယ်ကို လာထိတာဆိုတာလည်း သက်သာတာ တစ်ခုမှ မရှိဘူး၊ အဆိုးချည်းပဲ”တဲ့၊ မြင်တာ ကြားတာ နံတာ ထိတာ မှန်သမျှ ဒီအာရုံတွေဟာ အဆိုးချည်းပဲ ခံစားရတယ်လို့ ငရဲဘုံရောက်နေတဲ့ ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက သုတ္တန်တစ်ခုမှာ ဟောထားတာ ရှိတယ်။

လူ့ပြည်မှာဆိုလို့ရှိရင် ကောင်းတာရော မကောင်းတာရော မြင်ရတယ်၊ သို့သော် ကောင်းတာတွေကို ပိုမြင်ရတယ်၊ အသံကြားရတဲ့အခါမှာလည်း မကောင်းတဲ့အသံရော ကောင်းတဲ့အသံရော ကြားရတယ်၊ သို့သော် ကောင်းတဲ့အသံ ပိုကြားရတယ်၊

ချမ်းသာသုခတွေ ရနေကြတယ် လူ့ပြည့်မှာ၊ လူ့ဘုံ လူ့ဘဝဆိုတာ သုခနဲ့ ဒုက္ခ ရောပြီးတော့ နေတယ်။

အဲဒီလို သုခ ဒုက္ခ ရောနေတာကိုက သတိ ခိုင်မာခြင်းရဲ့အကြောင်းတရား ဖြစ်တယ်၊ ဒါ လူ့ဘဝ ရဲ့ထူးခြားချက်ပဲ၊ ချမ်းသာသုခသက်သက်ပဲ ရှိမယ် ဆိုရင် လူတွေဟာ သတိနဲ့ နေကြမှာ မဟုတ်ဘူး၊ နတ် တွေဟာ လူတွေလောက် သတိမကောင်းဘူး၊ ဘာ ဖြစ်လို့တုန်းဆို အမြဲတမ်း ပျော်စရာတွေနဲ့ချည်းပဲ မို့လို့။

ကဲ ဘုန်းကြီးတို့တတွေ ကြည့် - television ရှေ့မှာ ရုပ်ရှင်ကို မောနေတဲ့အချိန်မှာ ကျန်တာတွေ မေ့မနေဘူးလား၊ မေ့နေတယ်၊ ချမ်းသာသုခခံစားနေ ပြီဆိုရင် အကုန်မေ့နေတယ်၊ နတ်တွေက ချမ်းသာ သုခ အမြဲခံစားနေရသည့်အတွက်ကြောင့် နတ်တွေ ဟာ မေ့တယ်, အလွန့်ကို မေ့တယ်၊ လူတွေကျတော့ သုခဒုက္ခ တစ်လှည့်စီ ဖြစ်သည့်အတွက် သတိ ပို ကောင်းတယ်၊ ဒီလို ဆိုတာ၊ သတိ ပိုပြီးတော့ ခိုင်မြဲ

တယ်၊ ဒါကြောင့်မို့လို့ လူ့ပြည်က ပိုပြီး တန်ဖိုးရှိတယ်လို့ ပြောတာနော်၊ နတ်ဘုံက ချမ်းသာပါတယ်၊ လူ့ဘုံထက် ချမ်းသာတယ်၊ သို့သော် ကုသိုလ်ကောင်းမှု လုပ်နိုင်တဲ့ရှုထောင့်က ကြည့်လိုက်မယ်ဆိုရင် လူ့ဘုံ လူ့ဘဝကို မမှီဘူး၊ လူ့ဘုံက အင်မတန်မှ တန်ဖိုး ရှိတယ်။

နတ်ပြည်ကနတ်တစ်ဦး စုတိစိတ်ကျတော့မယ်ဆိုရင် ထူးခြားမှု ပြလာတယ်၊ ဆိုပါစို့ - လူတွေလို ဖျားနာနေတာလည်း မဟုတ်ဘူး၊ ရောဂါဝေဒနာရနေတာလည်း မဟုတ်ဘူး၊ ကံကြမ္မာပေါ် မှီတည်ပြီးတော့ နတ်သားတစ်ယောက် နတ်သမီးတစ်ယောက် စုတေခါနီးပြီဆိုလို့ရှိရင် အတိတ်နိမိတ်လေးတွေ ပေါ်လာတယ်၊ ဘာအတိတ်နိမိတ်တွေ ပေါ်လာတုန်း ဆိုလို့ရှိရင် ဝတ်ထားတဲ့အဝတ်ကလေးက နွမ်းလာတယ်၊ ဆင်ထားတဲ့ပန်းကလေး ညှိုးလာတယ်၊ ခါတိုင်း ဘယ်တော့မှ အဝတ်ဟာ နွမ်းတယ်လို့ မရှိဘူး၊ ဖွပ်ရတယ်လို့ မရှိဘူး၊ အမြဲတမ်း သစ်လွင်လန်းဆန်းနေ

တာ၊ ပန်ထားတဲ့ပန်းကလည်း အမြဲတမ်းသစ်လွင်နေ တယ်၊ သူတို့ခန္ဓာကိုယ်ကလည်း အမြဲတမ်း သစ်လွင် နေတယ်၊ သူတို့ခန္ဓာကိုယ်က ဘယ်တော့မှ ချွေးထွက် တယ် မရှိဘူး၊ လူ့ပြည်မှာဆိုရင် ပူအိုက်ပြီဆိုရင် ချွေးတစက်စက် ကျတယ်၊ နတ်တွေရဲ့ခန္ဓာကိုယ်မှာ ချွေးမထွက်ဘူး၊ ချွေးထွက်လာပြီဆိုရင် အဲဒီနတ်သား နတ်သမီးက စုတေတော့မယ်၊ ဝတ်ထားတဲ့အဝတ် နွမ်းလာတယ်၊ ပန်ထားတဲ့ပန်းတွေ ညှိုးလာတယ်၊ ချိုင်းကြားကချွေးတွေ ထွက်လာတယ်၊ ခန္ဓာကိုယ်မှာ လည်းပဲ အလှပျက်တဲ့အနေအထားလေးတွေ ပေါ် လာတယ်၊ ခါတိုင်းဆိုရင် နတ်တွေရဲ့ခန္ဓာကိုယ်က အမြဲတမ်း ဝင်းဝါလှပပြီးတော့ နေတယ်၊ သေခါနီး လာပြီဆိုလို့ရှိရင် အရောင်လေးတွေက နည်းနည်း ညှိုးလာပြီးတော့ ရုပ်ပျက်ဆင်းပျက်ကလေး ဖြစ်လာ တယ်၊ ပြီးတော့ မိမိနေတဲ့ ဘုံဗိမာန်မှာ နေချင်စိတ် မရှိဘူး၊ ပျင်းလာတယ်၊ အဲဒါကို နိမိတ်ငါးပါးလို့ ခေါ်

တယ်၊ နတ်တွေ စုတေတော့မယ်ဆိုလို့ရှိရင် အဲဒီ နိမိတ်တွေ ပြလာတယ်။

အဲဒီလို နိမိတ်တွေ ပေါ်ထင်လာပြီဆိုလို့ရှိရင် အဖော်သဟဲဖြစ်တဲ့နတ်တွေက သူ့ကို ဘယ်ခေါ်သွား တုန်းဆိုရင် နန္ဒဝန်ဉယျာဉ်ထဲ ဆွဲခေါ်သွားကြတယ်၊ နန္ဒဝန်ဉယျာဉ်ဆိုတာ အလွန်ကို လှပတဲ့ ဉယျာဉ်ကြီး၊ သေရတော့မှာမို့ စိတ်ပျက်နေတဲ့ စိတ်ဓာတ်ကျနေတဲ့ နတ်တောင်မှပဲ နန္ဒဝင်ဉယျာဉ်ကြီးထဲ ရောက်သွားပြီ ဆိုလို့ရှိရင် မေ့သွားတယ်တဲ့၊ အဲဒီလောက် ပျော်စရာ ကောင်းတာတဲ့။

အဲဒီနန္ဒဝန်ဉယျာဉ်ကြီးထဲ ဆွဲခေါ်သွားပြီး သူ့ ကို ဘာပြောကြတုန်းဆိုရင် "သူငယ်ချင်း- သုဂတိဘုံ ကို စိတ်ညွှတ်ထား၊ သုဂတိဘုံကို ရောက်အောင် သွား ပါ၊ သေရမှာ မကြောက်ပါနဲ့၊ သုဂတိဘုံကို ရောက် သွားပြီးတဲ့ အခါ အကောင်းဆုံးသောအရာကို ရ အောင် ယူ"တဲ့၊ "အဲဒီ ရ,ထားတဲ့အရာကို မင်း ခိုင်ခိုင်

မာမာဖြစ်ပါစေ"၊ အဲဒီစကားသုံးခွန်း မှာလိုက်ကြ တယ်တယ်။

"သုဂတိဘုံ သွား"ဆိုတာ ဘယ်ကို သွားနိုင်း တာတုန်းဆိုတော့ လူ့ပြည်သွားခိုင်းတာ၊ လူ့ပြည်ကို သွား၊ "အကောင်းဆုံးသောအရာကို ရအောင် ယူ" ဆိုတာ ဘာတုန်းဆိုရင် သဒ္ဓါတရား၊ ယုံကြည်မှုမှ မရှိလို့ရှိရင် (သို့မဟုတ်) ကုသိုလ်ရေးမှာ စိတ်ဝင်စား မှုမရှိဘူးဆိုရင် ဘယ်ကုသိုလ်မှ လုပ်မှာ မဟုတ်ဘူး၊ ကုသိုလ်အပေါ်မှာ စိတ်ဝင်စားတာတို့, ကံ ကံ၏ အကျိုးကို ယုံကြည်တာတို့ဆိုတဲ့ သဒ္ဓါဟာ အားလုံး အတွက် လမ်းဖွင့်ပေးတာ ဖြစ်သောကြောင့် သူက ရှိ ရမယ်၊ အဲဒါဟာ အကောင်းဆုံးလာဘ်လို့ နတ်တွေ က ယူဆတယ်၊ အဲဒီ ရထားတဲ့သဒ္ဓါတရားကိုလည်း ခိုင်မာအောင် လုပ်ရမှာတဲ့။

အဲဒီအချက်သုံးချက်နဲ့ ပြည့်စုံပြီဆိုလို့ရှိရင် သေသွားလည်း ကိစ္စမရှိဘူး၊ လူ့ပြည်လည်း ရောက် သွားတယ်၊ သဒ္ဓါတရားလည်း ရှိတယ်၊ သဒ္ဓါတရား

ကလည်း ခိုင်မာတယ်ဆိုရင် ကုသိုလ်ကောင်းမှု လုပ်ပြီး နတ်ပြည်ပြန်ရောက်မှာ သေချာတယ်၊ အဲဒါ နတ်တွေရဲ့ဆန္ဒ။

နတ်တွေဟာ လူ့ပြည်လူ့ဘဝကို အင်မတန်မှ တန်ဖိုးထားတယ်၊ ဘာလို့ တန်ဖိုးထားတာတုန်း၊ လူ့ဘဝက သူတို့ထက် ချမ်းသာလို့ တန်ဖိုးထားတာလား၊ မဟုတ်ဘူး၊ သူတို့ထက် အသက်ရှည်လို့ တန်ဖိုးထားတာလား၊ မဟုတ်ဘူး၊ သူတို့ထက် လှလို့ တန်ဖိုးထားတာလား၊ မဟုတ်ဘူး၊ ဘာအတွက် တန်ဖိုးထားတာတုန်း၊ ကုသိုလ်လုပ်ခွင့်ရလို့ တန်ဖိုးထားတာ။

တန်ဖိုးထားတာချင်း မတူဘူးနော်၊ နတ်ပြည်ရဲ့ချမ်းသာသုခနဲ့ စာလိုက်ရင် လူ့ပြည်ရဲ့ ချမ်းသာသုခက ဘာမှ မပြောပလောက်ဘူး၊ မနှိုင်းယှဉ်လောက်ဘူး၊ နတ်ရဲ့အသက်နဲ့ လူ့သက်တမ်းကို ယှဉ်ကြည့်မယ်ဆိုရင် လူ့အသက်ဟာ အင်မတန်တိုတယ်၊ မပြောပလောက်ဘူး၊ နတ်ရဲ့အဆင်းအရောင်

နဲ့ လူ့ရဲ့အဆင်းအရောင်ဆိုတာလည်း ယှဉ်လို့ မရဘူး၊ သို့သော် အဲဒီနတ်တွေက လူ့ပြည်ကို တန်ဖိုးထားကြတယ်၊ ဘာကြောင့်တုန်းဆိုတော့ ကုသိုလ်ကောင်းမှုလုပ်ခွင့် ရလို့ပါပဲ၊ နတ်တွေက ကုသိုလ်ကောင်းမှုကို သိပ်ပြီး တန်ဖိုးထားကြတယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ သူတို့ဘ၀က ကံပေါ်မှာ မှီခိုပြီးတော့ အသက်ရှင်ရတယ်တဲ့၊ **ကမ္မဖလူပဇီဝီ** - ကံအကျိုးနဲ့ အသက်ရှင်ရတဲ့ဘုံဘ၀။

အေး ကောင်းပြီ - နတ်တွေရဲ့ စိတ်ဆန္ဒက ဒီလိုရှိသလို ငရဲမင်းသနင်း ယမမင်းကြီးဆိုတာက သူ့ရဲ့ဆန္ဒက ဘာလဲ၊ ဘုန်းကြီးတို့လူ့ပြည်က လူတွေဟာ ဘာများတောင့်တကြတုန်း၊ တချို့က နတ်ပြည်ကို တောင့်တရင် တောင့်တမှာပဲ၊ ယမမင်းကြီးကတော့ ဘာကို တောင့်တလဲဆိုလို့ရှိရင် "**အဟော ၀တာဟံ မနုဿတ္တံ လဘေယျံ**" - "လူ့ဘ၀ ရချင်လိုက်တာ"၊ ဒါ နံပါတ်တစ်က လူ့ဘ၀ကို ရချင်တယ်။

အခု တရားချစ်ခင်သူတော်စင်ပရိသတ်တို့ ဘုန်းကြီးတို့တတွေဟာ လူ့ဘဝ ရနေကြတယ်၊ နတ်တွေက လူ့ဘဝကို တန်ဖိုးထားတယ်၊ လူ့ဘဝကို ရချင်ကြတယ်၊ ဘာကြောင့် တန်ဖိုးထားတာတုန်း၊ လူ့ဘဝက ကုသိုလ်လုပ်ခွင့် ရတယ်၊ တရားဓမ္မကို ထူးထူးခြားခြား သိနိုင်တယ်၊ ဒါကြောင့် တန်ဖိုးထားကြတယ်တဲ့၊ အေး ယမမင်းကြီးရဲ့ နံပါတ်တစ်ဆန္ဒဟာ **"အဟော ဝတာဟံ မနုဿတ္တံ လဘေယျံ"** - "ငါ လူ့ဘဝ ရချင်လိုက်တာ" တဲ့၊ ဒါ တစ်ခု။

"လူ့ဘဝရတဲ့အခါ လူ့ပြည်မှာ ဘုရားပွင့်တာနဲ့လည်း ကြုံချင်လိုက်တာ"၊ ဒါ သူ့ရဲ့ဆန္ဒ၊ ယမမင်းကြီး ဆန္ဒပြုသလို အခုဘုန်းကြီးတို့တတွေ လူ့ဘဝထဲလည်း ရောက်နေကြပြီ, ဘုရားပွင့်တဲ့ကာလနဲ့လည်း ဆုံနေကြပြီဆိုတာကို သိရမယ်၊ ကိုယ့်ကိုယ်ကို အထင်မသေးကြနဲ့၊ အချိန်ကောင်းတွေ ရှိနေတယ်, အခွင့်ကောင်းကြီး ရနေတယ်ဆိုတာကို အလေးအနက်ထားရမယ်နော်၊ အလေးအနက် မထား

ဘူးဆိုရင် ကိုယ့်ဘဝကို ကိုယ့်ဟာကိုယ် တန်ဖိုးရှိမှန်း မသိလို့ရှိရင် အလဟဿ အချိန် ကုန်သွားတတ်တယ်၊ တန်ဖိုးရှိတာကို တန်ဖိုးရှိမှန်း မသိလို့ရှိရင် တန်ဖိုးရှိတဲ့အချိန်တွေကို တန်ဖိုးမရှိတဲ့အလုပ်တွေနဲ့သာ အချိန်ကုန်သွားလိမ့်မယ်၊ ဒါကြောင့်မို့ တန်ဖိုးသိဖို့ လိုတယ်။

အေး ယမမင်းကြီးရဲ့ဆန္ဒ - လူ့ဘဝ ရချင်လိုက်တာ၊ ငါ လူ့ဘဝဖြစ်နေတဲ့အချိန်မှာ ဘုရားပွင့်တဲ့အချိန်နဲ့လည်း ကြုံချင်တယ်၊ အဲဒီဘုရားကိုလည်းပဲ ငါ ဆည်းကပ်ကိုးကွယ်ခွင့် ရချင်လိုက်တာ၊ ဟော-ဘုန်းကြီးတို့တစ်တွေ ဒီအချက်တွေ အကုန်ရနေပြီနော်၊ အဲဒီမြတ်စွာဘုရားက ငါ့ကို တရားဟောရင် သိပ်ကောင်းမှာပါပဲ၊ ဘုရားဟောတဲ့တရားကို ငါ သိနားလည်ရရင် သိပ်ကောင်းမှာပဲ၊ ငါးချက်နော်၊ ယမမင်းကြီးဆန္ဒ၊ အင်မတန်မှ တန်ဖိုးရှိတယ်။

လူ့ဘဝ ရချင်တယ်၊ လူဖြစ်နေတဲ့အခိုက် ဘုရားပွင့်တာနဲ့ ကြုံချင်တယ်၊ အဲဒီဘုရားကို ဆည်းကပ်

ကိုးကွယ်ချင်တယ်၊ ဘုရားဟောတဲ့တရားကို နာချင်တယ်၊ အဲဒီတရားကို သိချင်တယ်၊ ဟောဒီငါးခုဟာ ယမမင်းကြီးရဲ့ဆန္ဒပဲ၊ မြတ်စွာဘုရားက ဒီသုတ္တန်မှာ ဟောတာ။

ယမမင်းကြီးဟာ ငရဲသားတွေရဲ့ဆင်းရဲဒုက္ခကို ကြည့်ပြီးတော့ အခုလို တတမ်းတတနဲ့ သူ့ရဲ့ဆန္ဒတွေကို ထုတ်ဖော်တယ်၊ အဲဒီလို ယမမင်းကြီးဟာ ဆန္ဒကို ထုတ်ဖော်တယ်ဆိုတာ သူများပြောတာကို ငါ ကြားတာ မဟုတ်ဘူး၊ သူများဆီကတဆင့် သိရတာ မဟုတ်ဘူး၊ ငါကိုယ်တိုင် မြင်တယ်၊ ငါကိုယ်တိုင် ကြားတယ်တဲ့၊ မြတ်စွာဘုရားကနော်။

အသံကြားဖို့ရာလည်းပဲ **ဒိဗ္ဗသောတ**ဆိုတဲ့ ထူးခြားတဲ့ တန်ခိုးပါဝါရှိတဲ့နားကို ဖန်ဆင်းထားလိုက်လို့ရှိရင် ပြောသမျှအသံတွေ အကုန်ကြားနေရတယ်၊ ယမမင်းကြီးက သူ့ဆန္ဒထုတ်ဖော်တာကို မြတ်စွာဘုရားက ကိုယ်တိုင်သိတယ်, ကိုယ်တိုင်မြင်တယ်, ကိုယ်တိုင်ကြားတယ်၊ အဲဒါကို ငါ ဟောတာပါတဲ့၊

အဲဒီသုတ္တန်အရဆိုရင် ယမမင်းကြီး ရှိတယ်ဆိုတာ တကယ်ဟုတ်တယ်။

ဒါဖြင့် ဒီယမမင်းကြီးဟာ ဝေမာနိကပေတ-ရာဇာ ပြိတ္တာဘုရင်ကြီးလို့ ဆိုတော့ ငရဲကို သူ ဘာကိစ္စ သွားရတာလဲ၊ ဘာဖြစ်လို့ ငရဲကို သွားပြီးတော့ အုပ်ချုပ်ရတာလဲဆိုတော့ တကယ်တော့ သူက စေတနာ့ဝန်ထမ်းပါ။ တကယ့်စေတနာ့ဝန်ထမ်း၊ ငရဲကျလာတဲ့သတ္တဝါတွေကို သနားလို့ လွတ်ရာ လွတ်ကြောင်းကို ရှာပေးတာ၊ လမ်းဖွင့်ပေးတာ၊ သူက တကယ့်သူတော်ကောင်းကြီး၊ ကယ်တင်ချင်လို့ ငရဲတံခါးတွေမှာ သွားစောင့်နေတာ၊ အလုပ်ပျက် အကိုင်ပျက် အဲဒီမှာ သွားနေတာ၊ သူ့ကို ဘယ်သူကမှ တာဝန်ပေးထားတာ မဟုတ်ဘူးနော်၊ ငရဲရောက်လာတဲ့ပုဂ္ဂိုလ်တွေကို သူက ဖျောင်းဖျောင်းဖြဖြနဲ့ ငရဲကနေ လွတ်ရာလွတ်ကြောင်းကို လမ်းစဖော်ပေးချင်တယ်။

ဒါဖြင့် ကယ်တင်နိုင်တဲ့ပါဝါ သူ့မှာ ရှိလား ဆိုတော့ မရှိပါဘူး၊ သူ မကယ်နိုင်ပါဘူး၊ ဒီဟာက လည်း အင်မတန်မှ သဘာဝကျတယ်နော်၊ သေချာ စဉ်းစားကြည့် - လောကလူတွေက ပြောကြတယ်- လူတစ်ယောက်ဟာ အသက်အန္တရာယ်ကြုံလို့ ဘယ်သူက ကယ်လိုက်တယ်လို့ ပြောကြတယ်။

ဆိုပါစို့ - ရောဂါဝေဒနာဖြစ်တယ်၊ ဘယ် ဆရာဝန်က ဆေးကုပြီး ကယ်လိုက်တယ်လို့၊ တကယ် ကယ်တာက ဘယ်သူက ကယ်တာတုန်းဆိုလို့ရှိရင် ဆရာဝန်လား ဆေးလားဆိုလို့ရှိရင် တကယ်ကယ်တာ ကတော့ ဆေးပဲ၊ ဟုတ်ကဲ့လား၊ အေး အဲဒီဆေး သောက်ရအောင် ဘယ်သူက ပြောတုန်းဆို ဆရာဝန် က ပြောတယ်၊ သို့သော် ဆရာဝန်ချည်းပဲ ဆေးမပါ ဘူးဆို ပျောက်ပါ့မလား၊ မပျောက်ဘူးနော်၊ အဲဒီ သဘောကို သေချာစဉ်းစားနော်၊ ဆရာဝန်က ဆေး ညွှန်းတယ်၊ ကိုယ်က ဆေးသောက်တယ်၊ ဆေးက ကိုယ်ရဲ့အသက်ကို ကယ်တယ်။

အဲဒီသဘောမျိုးလိုပဲ - ယမမင်းက ငရဲကျလာတဲ့ပုဂ္ဂိုလ်တွေကို ကယ်တယ်ဆိုတာ သူတို့လုပ်ခဲ့တဲ့ကုသိုလ်တရားတွေကို ဖော်ပေးတာ၊ ဖော်ပေးတဲ့အခါ ပြန်ပြီး အမှတ်ရလာတဲ့အခါ တကယ် ကယ်သွားတာက သူလုပ်တဲ့ကုသိုလ်က ကယ်သွားတာ၊ ငရဲကျလာတဲ့ပုဂ္ဂိုလ်မှာ ကုသိုလ်ဆိုတာ လုပ်ထားတာ ရှိတယ်၊ သို့သော် သူ လုံးဝမေ့နေတယ်၊ မေ့နေတဲ့အခါမှာ ယမမင်းကြီးကနေ ဖော်ပေးလိုက်တယ်၊ "မင်း ဘယ်တုန်းက ဘာလုပ်ခဲ့တာပဲ"လို့ ပြောတဲ့အခါကျတော့ "ဟာ ဟုတ်သားပဲ" ဆိုပြီး ဝမ်းသာတဲ့စိတ်တွေ ကုသိုလ်စိတ်တွေ ဖြစ်လာတယ်၊ အဲဒီအခါမှာ ငရဲက ချက်ချင်းလွတ်တယ်၊ ကုသိုလ်စိတ်က ကယ်တာနော်၊ အဲဒါကို ယမကြီးက ကယ်တာလို့ မအောက်မေ့နဲ့၊ သို့သော် ယမမင်းကြီး မပါဘဲနဲ့ ဒီကုသိုလ်ကို သူ သတိရပါ့မလား၊ မရဘူး၊ ယမမင်းကြီးက ဖော်ပေးတောင်မှပဲ ကုသိုလ်ကို သတိမရဘူးဆိုလို့ရှိရင် ယမမင်းကြီးက ဘာမှ မတတ်နိုင်ဘူး။

တချို့က ထင်တယ်၊ ယမမင်းက ငရဲမှာသွား ရုံးထိုင်ပြီး စီရင်ချက်တွေ ချနေတယ်လို့ ဒီလို ထင်တယ်၊ "ဟောဒီလူဖြင့် ငရဲခံစေ, ဟိုလူဖြင့် ငရဲက လွတ်စေ"လို့ ဒီလိုစီရင်ချက်ချတာမျိုးတွေကို သူ မလုပ်ပါဘူး၊ ကယ်လို့ ရမယ့်ပုဂ္ဂိုလ်ကို ကယ်ဖို့ပဲ သူ သွားတယ်၊ ငရဲကို တွန်းချတာမျိုး မရှိဘူး၊ ကယ်လို့ရ တဲ့ပုဂ္ဂိုလ်ကို ဘယ်နည်းနဲ့ ကယ်တုန်းဆိုရင် ကုသိုလ် ကောင်းမှုကို သတိဖော်ပေးတယ်၊ အမှတ်ရစေတယ်၊ တကယ်ကယ်လိုက်တာက ကိုယ်လုပ်တဲ့ကုသိုလ်ကံ က ကယ်လိုက်တာလို့ပဲ မှတ်ရမယ်၊ ဒီတော့ ဘုန်းကြီးတို့တစ်တွေက ဘယ်သူ့ကို အားကိုးရမယ် ဆိုတာ သဘောပေါက်ရမယ်၊ ကိုယ်လုပ်တဲ့ကုသိုလ် ကိုပဲ အားကိုးရမှာ၊ အားကိုးမလွဲစေနဲ့နော်။

ဘုန်းကြီးတစ်ခု ပြောပြချင်တယ်၊ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးဟာ အနန္တတန်ခိုးရှင် ဖြစ် ပေမယ့်လို့ လူတစ်ယောက် ဒုက္ခရောက်နေလို့ရှိရင် အကုသိုလ်ကံတွေက ကြီးမားလွှမ်းမိုးလာတဲ့ပုဂ္ဂိုလ်

ကို မြတ်စွာဘုရား ကယ်လို့ မရဘူး, မကယ်နိုင်ဘူး၊ ကုသိုလ်မပါရင်လည်း မြတ်စွာဘုရားက မ,မစနိုင်ဘူး။

လောကမှာ ကိုးကွယ်ကြတဲ့ပုဂ္ဂိုလ်တွေအလိုက် တချို့ပုဂ္ဂိုလ်တွေက မ,တဲ့ဘုရားကို ကိုးကွယ်ကြတယ်၊ ဘုရားသခင်က မ,တယ်နဲ့ ပြောကြတယ်၊ တကယ်က တော့ ဘုရားသခင် မ,တာ မဟုတ်ဘူး, ကံက မ,တာ နော်၊ ကိုယ်လုပ်ခဲ့တဲ့ကံက မ,တာ၊ တလွဲသွားပြီး တော့ လွဲမှားစွာ ထင်နေမယ်ဆိုလို့ရှိရင် ဒါလည်း မှားယွင်းတဲ့အမြင်တစ်ခုပဲနော်၊ ကိုယ့်ကို တကယ် မ,တာက ဘုရားမဟုတ်ဘူး ကံတရားပဲ ဖြစ်တယ်။

ကြည့်လေ - မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်က တရားဓမ္မဟောလို့ တရားထူး တရားမြတ် ရ သွားတဲ့ပုဂ္ဂိုလ်တစ်ယောက်ကို "ဧဟိ ဘိက္ခု-ချစ်သား ရဟန်း လာခဲ့"လို့ သာသနာတော်မှာ ဖိတ်ခေါ်လိုက် တဲ့အခါမှာ လူ့အသွင်ပျောက်ပြီးတော့ ရဟန်းအသွင် ရောက်လာတယ်ဆိုတာ ပရိက္ခရာရှစ်ပါး လှူပြီးတော့ ဆုတောင်းခဲ့တဲ့ပုဂ္ဂိုလ်မှ ရတာ၊ လူတိုင်းကို လုပ်ပေး

ချင်လို့ မရဘူး၊ အကယ်၍သာ ရရင် မြတ်စွာဘုရား က ကရုဏာရှင်ဖြစ်သည့်အတွက်ကြောင့် လူတိုင်း ကို ချမ်းသာအောင် လုပ်ပေးမှာပေါ့၊ ဒါ ဖြစ်နိုင်ပါ့ မလား၊ မဖြစ်နိုင်ပါဘူး၊ ကံမပါလို့ရှိရင် ဘာမှကို ကယ်တင်လို့ မရဘူး။

ပုံဝတ္ထုလေးတစ်ခု ရှိတယ်၊ သိပ်ဆင်းရဲနေတဲ့ လူတစ်ယောက်ကို မ,ချင်တယ်၊ မ,ချင်တော့ ဘယ်လို လုပ်တုန်းဆို အဲဒီလူက ဒီလမ်းကနေ အမြဲတမ်း သွားတယ်၊ သွားတိုင်းသွားတိုင် သူက အပေါ်မော့ပြီး သွားလေ့ရှိတယ်၊ ဒါ့ကြောင့်မို့ သူမြင်အောင်လို့ ဆိုပြီး အဲဒီပစ္စည်းလေးကို အပေါ်မှာ ချိတ်ထားတယ် အဲဒီနေ့ကျတော့ ဘာလုပ်သွားလဲ၊ ငုံ့သွားတယ်၊ ဩော် ဒီကောင် ငုံ့သွားတာပဲဆိုပြီး နောက်ရက်ကျတော့ အောက်ချထားပေးတယ်၊ အဲဒီကျတော့ မော့သွားပြန် ရော။

ကံမရှိတဲ့လူကျတော့ ကြုံဖန်ပြီးတော့ကို လွဲမှာ ပဲ၊ ဟုတ်လား၊ ကူညီချင်လို့ မရဘူး၊ ကံက မပေးရင်

ဘာမှ မရဘူး။ ဒါ့ကြောင့် ကံကောင်းအောင်သာ လုပ်ပေးလို့ ရတယ်။

မာဃလုလင်ရဲ့ဝတ္ထုကို ဖတ်ဖူးကြပါလိမ့်မယ်၊ မာဃလုလင်ဘဝက အငယ်ဆုံးဇနီးကို သုဇာတာလို့ ခေါ်တယ်၊ သုဇာတာဟာ သူ့ကိုယ်သူ ဖြိုးလိမ်း အလှပြင်ပြီး နေတာ၊ ကုသိုလ်ကောင်းမှု လုံးဝမလုပ်ဘူး၊ မလုပ်တဲ့အခါ သေတော့ ဘာသွားဖြစ်တုန်းဆို ဗျိုင်းမ သွားဖြစ်တယ်၊ သိကြားမင်းကြီးက အဲဒီဗျိုင်းမကို နတ်ဖြစ်အောင် သူလုပ်မပေးနိုင်ဘူး၊ ဘာလုပ်တုန်းဆိုရင် နည်းလမ်း ပေးတယ်၊ ဗျိုင်းဆိုတာမျိုးကလည်းပဲ ငါး သတ်စားတဲ့တိရစ္ဆာန်မျိုးပဲ၊ ပါဏာတိပါတကံ ကျူးလွန်တဲ့အကောင်မျိုး၊ "ပါဏာတိပါတာ ဝေရမဏီ"၊ သီလ ဆောက်တည်ခိုင်းတယ်၊ သိကြားမင်းက သူ့ဆီကို ခေါ်ချင်တာ၊ ဒီအတိုင်း ခေါ်လို့ မရဘူး၊ ဘာလုပ်ရလဲ၊ သီလကျင့်ရတယ်။

သီလကို ဆောက်တည်တဲ့အခါ ဗျိုင်းဘဝက လွတ်ပြီး လူ့ဘဝရောက်လာတယ်၊ လူ့ဘဝရောက်

တော့ သိကြားမင်းက လိုက်ပြီး စောင့်ရှောက်တယ်၊ နတ်ပြည်မှာ ဖြစ်အောင် သီလကို ဆောက်တည်ခိုင်းတာတဲ့၊ သီလကို ခိုင်ခိုင်မာမာ ဆောက်တည်လိုက်ပြီဆိုတော့မှ သူဟာ တတိယဘဝမှာ နတ်ပြည်ရောက်သွားတာလေ၊ အဲဒီတော့ ဘာလုပ်ရမတုန်းဆို ကုသိုလ်ပဲ လုပ်ရတယ်။

အေး ယမမင်းကလည်း အဲဒီအတိုင်းပဲ၊ သူက စီရင်ချက် မချဘူး၊ ဘယ်သူက စီရင်ချက်ချတာလဲ၊ ကံတရားကပဲ စီရင်ချက်ချတယ်၊ လွတ်ရအောင်လည်း ဘယ်သူက လုပ်ပေးတာလဲ၊ ကုသိုလ်ကံက လုပ်ပေးတာ၊ ဒါ့ကြောင့် ယမမင်းဆိုတာ တကယ့် သူတော်ကောင်းကြီး၊ စေတနာ့ဝန်ထမ်းနော်၊ ဒါ ဗုဒ္ဓစာပေမှာ ပါတဲ့ ယမမင်းဆိုတာ အဆိုးအသွမ်း မဟုတ်ဘူး၊ သူက သက်သက် ငရဲတံခါးဝတွေမှာသွားပြီး ရုံးထိုင်တယ်၊ ရုံးထိုင်တာက ဘာအတွက် ရုံးထိုင်တာတုန်းဆို ငရဲကျလာတဲ့ပုဂ္ဂိုလ်တွေကို ကယ်လို့ ရရင် ကယ်ဖို့ သွားရုံးထိုင်တာ။

အေး ငရဲကျသွားတဲ့ပုဂ္ဂိုလ်တွေက သူစောင့်နေတဲ့အခါကျတော့ ဒေဝဒူတသုတ္တန်မှာ ဟောထားတာရှိတယ်၊ "လောကမှာ"တဲ့ "တချို့လူတွေက အကျင့်စရိုက် အင်မတန်ဆိုးကြတယ်၊ မကောင်းတဲ့အပြောတွေ မကောင်းတဲ့အတွေးတွေ မကောင်းတဲ့အလုပ်တွေ လုပ်ကြတယ်၊ ဒုစရိုက်အလုပ်တွေ တွင်တွင်လုပ်ပြီးတော့ သေတဲ့အခါ ဆင်းရဲဒုက္ခများတဲ့ ငရဲဘုံကို ရောက်သွားကြတယ်၊ ရောက်သွားတဲ့အခါကျတော့ ယမမင်းကြီးက ငရဲတံခါးဝမှာ ထိုင်နေတယ်။

ငရဲထိန်းတွေဆိုတာကလည်းပဲ ကံကြမ္မာအလျောက် ဖြစ်လာကြတာ၊ သတ္တဝါတွေကို ညှင်းဆဲဖို့ ဖြစ်လာကြတယ်၊ တချို့က အပျော်လာလုပ်တဲ့လူလည်း ရှိတာပဲ၊ တချို့ငရဲထိန်းတွေက ပြိတ္တာမျိုးတွေပဲ၊ ဒုက္ခရောက်တဲ့လူတွေကို သက်သက် ဒုက္ခပေးချင်လို့ လာနေကြတာ၊ လူတကာ လိုက်ဒုက္ခပေးတဲ့လူဆိုးရှိသလိုပဲ ကျန်တဲ့ဘုံဘဝတွေမှာလည်း အဲဒီလိုအဆိုးအဝါးတွေက ရှိတယ်။

အဲဒီအဆိုးအဝါးတွေ လုပ်ချင်တာ လုပ်လို့ မရအောင် ယမမင်းကြီးက လာစောင့်ပေးတာ၊ ကဲ လူ့ပြည်က လူတစ်ယောက်ဟာ မကောင်းမှုဒုစရိုက်တွေ ကျူးလွန်ပြီး ငရဲပြည်ရောက်လာပြီ၊ ရောက်လာတဲ့အခါ သူတို့နယ်နိမိတ်ထဲလည်း ရောက်ရော အဲဒီလူကို ဖမ်းခေါ်လာတယ်၊ လူ့ဘဝက သေသွားပြီး ငရဲကျတော့မယ့် ပုဂ္ဂိုလ်တစ်ယောက်ကို ဖမ်းခေါ်လာတယ်၊ အဲဒီလိုဖမ်းခေါ်သွားတဲ့အချိန်မှာ ယမမင်းကြီးဆီ သွားတယ်၊ ယမမင်းကြီးကို သူတို့က ဘာပြောပြတုန်းဆို "အရှင်မင်းကြီး - ဟောဒီလူဟာ အမေကိုလည်း မလုပ်ကျွေးဘူး, အဖေကိုလည်း မလုပ်ကျွေးဘူး၊ အမေကိုလည်း ထော်လော်ကန့်လန့် လုပ်တယ်, အဖေကိုလည်း ထော်လော်ကန့်လန့် လုပ်တယ်၊ ဆွေတွေ မျိုးတွေထဲက ဘယ်သူ့ကိုမှ မလေးစားဘူး၊ သူတော်စင် သူတော်မြတ်တွေကိုလည်း စော်ကားတယ်၊ ဒီလူကို အမိန့်ဒဏ် အပြစ်ဒဏ်ချပါ"။

အဲဒီငရဲနယ်မြေမှာ ဖြစ်လာတဲ့သတ္တဝါဟာ ဘွားကနဲ ဥပပတ္တိပဋိသန္ဓေအနေနဲ့ ဖြစ်တာ၊ ဖြည်းဖြည်းခြင်း ကြီးလာတာ မဟုတ်ဘူး၊ အဲဒီမှာ ပြောရမယ်ဆိုရင် ယောင်လည်ယောင်လည်နဲ့ ရောက်သွားတာပေါ့နော်၊ ကံကနေပြီးတော့ တွန်းပို့လိုက်တယ်၊ ငရဲပြည် ရောက်သွားတယ်၊ အဲဒီလိုရောက်တာက ဒီလူ့ခန္ဓာကိုယ်ကြီးနဲ့ ရောက်တာ မဟုတ်ဘူး၊ ဘဝတစ်ခု ပြောင်းပြီး အဲဒီကို ရောက်သွားတာ၊ ချက်ချင်းသူ့ခန္ဓာကိုယ်နဲ့ ရောက်သွားတာ။

ဒါနဲ့ ပြောရဦးမယ်၊ လူတိုင်းလူတိုင်းက ဟိုဘဝက သေလာကြတာချည်းပဲ၊ ဒီတော့ လူတွေဟာ တစ်ခါတစ်ခါကျတော့ ရုတ်တရက် သေဆုံးသွားလို့ရှိရင် ကိုယ်သေတာ မသိလိုက်ဘူးတဲ့၊ ဒါလည်း ဟုတ်မှာပဲနော်၊ ကိုယ်သေတာ မသိလိုက်ဘူး၊ ကိုယ့်အလောင်း ကိုယ်ပြန်မြင်နေတာ၊ ဒီနားမှာ ရှိလို့ရှိရင် ကိုယ့်အလောင်း ကိုယ်ပြန်မြင်တယ်။

ဘဝတစ်ခုဟာ နောက်ထပ် ဘွားကနဲဖြစ်လာတဲ့အခါ လက်ရှိဘဝတုန်းကလူလို့ပဲ အောက်မေ့နေသည့်အတွက်ကြောင့် ကိုယ့်စိတ်ထဲမှာ "ဩော် ဒါ ငါ့အိမ်ပဲ, ဒါ ငါ့မိသားစုပဲ, ဒါ ငါ့သားသမီးတွေပဲ, ဒါ ငါ့ပစ္စည်းပဲ" ဆိုပြီးတော့ ထင်ပြီးတော့ အိမ်ကို ပြန်သွားလေ့ရှိတယ်တဲ့၊ ဟိုရောက်တဲ့အခါ သူ့ကို ဘယ်သူကမှ အသိအမှတ် မပြုဘူး၊ မြင်လည်း မမြင်ဘူး၊ ခေါ်လည်း မခေါ်ကြဘူး၊ နောက်ဆုံးမှာ သူမွေးထားတဲ့ ခွေးကတောင် သူ့ကို ဟောင်တယ်၊ ဘာဖြစ်လို့လဲ သူ့ရုပ်ကြီးက ပြောင်းနေလို့၊ အဲဒီလိုဖြစ်တာတဲ့နော်။

သေသွားပြီးရင် ကိုယ့်ကိုယ်ကို မသိဘူးဆိုတာ စာပေထဲမှာ ပါတယ်၊ "ရဟန်းတော်တစ်ပါးဟာ ကမ္မဋ္ဌာန်းထိုင်တယ်၊ ကမ္မဋ္ဌာန်းထိုင်နေရင်းကနေ ခုခေတ်လိုပြောရရင် Heart attack နေမှာပေါ့၊ သို့မဟုတ် လေဖြတ်သွားတာ ဖြစ်မှာပေါ့၊ ကမ္မဋ္ဌာန်းထိုင်နေရင်းနဲ့ ပျံတော်မူသွားတယ်၊ ပျံတော်မူသွားပြီးပြီးချင်း နတ်ပြည်ရောက်သွားပြီးတော့ နတ်သား

သွားဖြစ်တယ်၊ သူ့ကိုယ်သူ နတ်သားလို့ မထင်ဘူး၊ အိပ်ပျော်ရာက နိုးလာတဲ့ ရဟန်းလို့ပဲ ထင်တယ်၊ ထိုင်လျက်ကြီးပဲတဲ့ ဟိုမှာ၊ အဲဒီတော့ သူ့ရဲ့အခြံအရံ ဖြစ်တဲ့နတ်သမီးတွေ ဘုံဗိမာန်ကနေ ဆင်းလာကြပြီး တော့ သူ့ဆီ လာကြတာပေါ့။

အေး - တို့ဗိမာန်ရှင်တော့ ရောက်လာပြီဆိုပြီး လာကြတော့ သူက ဘယ်လိုထင်လဲ၊ ဒကာမတွေ ကျောင်းလာကြတာနဲ့ တူတယ်လို့ ထင်တာတဲ့၊ သူ သေသွားမှန်း မသိဘူး၊ ဒကာမတွေ လာကြပြီ၊ ဧည့်သည်တွေနဲ့ တူတယ်ဆိုပြီး သက်န်းတွေ ဘာ တွေ ပြင်ဝတ်ပြီးတော့ သူက စက္ခုန္ဒြေချပြီးတော့ ငုတ်တုတ်ကြီး ထိုင်နေတယ်၊ အဲဒီလို ထိုင်နေတဲ့အခါ ကျတော့မှ ခုနက နတ်သမီးတွေက သဘောပေါက် သွားတယ်၊ "သြော် ဘုန်းကြီးဘဝကလာတဲ့ နတ်သား နေမှာပဲ၊ သူ့ကိုယ်သူ ဘုန်းကြီးထင်နေတုန်းပဲ" ဆိုပြီး မှန်ထောင်ပြကြတယ်လို့ ပြောတယ်၊ အဲဒီလို မှန် ထောင်ပြတဲ့အခါမှ ကြည့်လိုက်တော့မှ သူ့ပုံပန်း

သဏ္ဌာန်က ပြောင်းနေပြီ၊ ဘုန်းကြီးမဟုတ်တော့ဘူး ဆိုတာ သိရတယ်၊ ဒါလည်း တကယ်ယုတ္တိရှိတယ်၊ ရုတ်တရက် ဖြစ်သွားတဲ့ဥစ္စာကိုး။

လူက ကိုယ်သေတာ မသိလိုက်ဘူးဆိုတာ ရှိတယ်၊ အများကြီးပဲ၊ နောင်ဘဝ ပြန်မွေးတာလည်းပဲ ရုတ်တရက် မွေးလိုက်တာဆိုတော့ လူက မသိလိုက်တော့ဘူး၊ အိပ်ပျော်ရာကနေ နိုးလာတဲ့ပုံစံမျိုး ဖြစ်တယ်၊ သို့သော် အရင်ခန္ဓာကိုယ်ကြီး မဟုတ်တော့ဘူး။

ခန္ဓာကိုယ်ကြီးက တစ်မျိုးဖြစ်နေပြီ၊ သရဲဖြစ်တဲ့ လူကျတော့ ဘယ်လိုဖြစ်သွားတုန်းဆိုလို့ရှိရင် ဒီဘဝ က သေသွား၊ ဟိုကျတော့ ဆောင့်ကြောင့် ထိုင် လျက်ကြီး ဖြစ်သတဲ့၊ ဆောင့်ကြောင့်ထိုင်လျက်ကြီး ဖြစ်တော့ သူ့ကိုယ်သူ ကြည့်လိုက်ပြီး "ဟင် ငါ ဒီနား ဘာလို့ ထိုင်နေတာပါလိမ့်"လို့ တစ်ကိုယ်လုံးလည်း အမွေးတွေ အမှင်တွေနဲ့တဲ့၊ ဟိုနေရာ သွားချင်ပြီဆို ဖြူးကနဲ ရောက်သွားတယ်၊ ဒီနေရာ သွားချင်ပြီဆို

လည်း ဗြုံးကနဲ ရောက်သွားတယ်၊ အဲဒီကျတော့မှ "ဩော် ငါသေပြီး သရဲဖြစ်နေပါလား"လို့ သိတယ်တဲ့၊ ဘဝသံသရာဆိုတာ အင်မတန်မှ ထူးဆန်းတယ်နော်။

အေး ကောင်းပြီ - ငရဲရောက်လာတဲ့လူကို ယမမင်းကြီးဆီ ခေါ်လာကြတယ်၊ ခေါ်လာပြီးတော့ "ဒီလူကို အပြစ်ဒဏ်ချမှတ်ပါ"တဲ့၊ " ဒီလူဟာ အလွန်ဆိုးတဲ့လူ၊ အမေစော်ကားခဲ့တယ်, အဖေစော်ကားခဲ့တယ်, သူတော်ကောင်းတွေကို ပြစ်မှားတယ်, ကိုယ့်ဆွေမျိုးတွေထဲက အကြီးအကဲတွေကို ဘယ်သူ့မှ ဂရုမစိုက်ဘူး, ဒီလူကို အပြစ်ဒဏ်ခတ်ရမယ်"။

အဲဒီလို လာပြီးတော့ ယမမင်းကြီးဆီ အပ်တဲ့အခါ ယမမင်းကြီးက သနားတယ်၊ သူက အင်မတန်မှ ကြင်နာတဲ့မျက်လုံးနဲ့ ကြည့်ပြီး "အေး အမောင်ယောကျ်ား- (ငရဲရောက်တာလည်း ယောကျ်ားတွေများပုံ ရတယ်၊ ကြည့်ရတာနော်၊ အမောင်ယောကျ်ားတဲ့) မင်း လူ့ပြည်မှာနေတုန်းက နတ်တွေက လွှတ်ထားတဲ့တမန်တွေ မတွေ့ခဲ့ဘူးလား"လို့ ဆိုတော့ ဟို

လူက နားမလည်ဘူး၊ ခေါင်းရမ်းတယ်၊ မတွေ့ခဲ့ဘူး တဲ့၊ "အေး မင်း ငါပြောတာ နားမလည်ဘူးနဲ့ တူ တယ်၊ ကဲ ငါ တိုက်ရိုက်ပြောမယ်"

"လူ့ပြည်မှာ မင်း အဘိုးအိုအဘွားအိုတွေ မတွေ့ခဲ့ဘူးလား" တဲ့၊ "တွေ့ခဲ့ပါတယ်"၊ "အဘိုးအို အဘွားအိုတွေ တွေ့တဲ့အခါ 'ဩော် ငါလည်း အိုရ ဦးမှာပဲ၊ မအိုခင် ငါ ကုသိုလ်ကောင်းမှုတွေ လုပ်ရဦး မှာပဲ' လို့ မင်း မတွေးမိဘူးလား"လို့ ဆိုတော့ "ကျွန်တော်မျိုး မတွေးမိပါဘူး"တဲ့၊ မေ့လျော့နေပါ တယ်၊ ကုသိုလ်ကောင်းမှု လုပ်ဖို့တော့ လုံးဝမစဉ်းစား ဘူး။

အဲဒါကြောင့်မို့လို့ သတိထားနော်၊ ယမမင်းကြီး က စစ်ရင် မဖြေနိုင်ဘဲ နေမယ်၊ အဘိုးကြီးအဘွား ကြီးတွေ တွေ့လို့ရှိရင် 'ဩော် ငါလည်း အိုရဦးမှာပဲ၊ မအိုခင် ကုသိုလ်ကောင်းမှုတွေ လုပ်မှပဲ' ဆိုပြီး ကုသိုလ်ကောင်းမှုတွေ လုပ်ဖို့ သတိရရမယ်၊ အမှတ် တမဲ့ မနေနဲ့၊ ဟုတ်ကဲ့လား၊ ဒီအတွေးလေးကို တွေး

ထား- "ငါလည်းပဲ တစ်နေ့အိုရဦးမှာပဲ" ဆိုတာ တွေးတဲ့။

ဒါ ယမမင်းကြီးက သင်ပေးတာ၊ "အဲဒီလို မတွေးမိဘူးလား"ဆို "မတွေးမိပါဘူး၊ ကျွန်တော်မျိုး မေ့ခဲ့ပါတယ်"၊ "အေး ဒီအကုသိုလ်တွေက ဘယ်သူ လုပ်တာမှ မဟုတ်ဘူး၊ မင်းလုပ်တာ"တဲ့ "မင်းလုပ် ရင်တော့ မင်းခံရမှာပဲ"တဲ့၊ "မင်းအမေနဲ့လည်း မဆိုင် ဘူး, အဖေနဲ့လည်း မဆိုင်ဘူး, ဆွေတွေမျိုးတွေနဲ့ လည်း မဆိုင်ဘူး၊ မင်းလုပ်တာ ဖြစ်တော့ မင်းခံရမှာ ပဲ"၊ သနားလွန်းလို့ ယမမင်းကြီးက စုတ်တသတ် သတ်နဲ့တဲ့၊ ဟုတ်လား။

ကဲ ဒီကောင်ကို ပထမတမန်အကြောင်း မေး လို့ မရဘူး၊ ဒုတိယတစ်ခု မေးမယ်၊ "မင်း ဒုတိယ တမန်တော်ကြီးကို တွေ့လား" "မတွေ့ပါဘူး"တဲ့၊ "ဩော် မင်း မသိသေးဘဲကိုး၊ ဒုတိယတမန်ဆိုတာ အမလေး အလိုလေးနဲ့ ဆင်းရဲဒုက္ခ ရောက်နေတဲ့ လူမမာကို မင်း မတွေ့ခဲ့ဖူးဘူးလား"၊ "လူနာကိုတော့

တွေ့ခဲ့ပါတယ်"၊ "အေး အဲဒီလူနာကို တွေ့ရင် ငါ လည်းပဲ တစ်နေ့ကျလို့ရှိရင် ဒီလို နာရမယ့်လူနာမျိုး ဖြစ်မှာပဲ၊ မဖြစ်ခင် ငါကြိုးတင်ပြီးတော့ ကုသိုလ် ကောင်းမှုတွေ များများလုပ်မှပဲလို့ ဆိုပြီးတော့ မင်း မတွေးဘူးလား"လို့ဆိုတော့ "မတွေးမိပါဘူး၊ မေ့လျော့ ခဲ့ပါတယ်"၊ "ဒါဆိုလို့ရှိရင် ဒီအကုသိုလ်အပြစ်တွေ မင်းပဲ ခံရမှာ"တဲ့၊ ကုသိုလ်ကောင်းမှုများ သတိရ မလားလို့ ဖော်ပေးနေတာနော်။

ဒုတိယလည်း မသိဘူးဆိုတော့ "ဒါဖြင့် တတိယတမန်ရော မင်းမြင်ခဲ့လား"လို့ ဆိုတော့ "တတိယတမန်ဆိုတာ ဘာပြောတာတုန်း" "တတိယ တမန်ဆိုတာ တခြားမဟုတ်ဘူး၊ မင်း လူသေတွေ မတွေ့ခဲ့ဖူးဘူးလား"၊ "တွေ့ခဲ့ပါတယ်"၊ ဘုရား အလောင်းတော် တောထွက်တယ်ဆိုတာလည်း သူအို သူနာ သူသေ မြင်လို့ မဟုတ်လား၊ ဒီနိမိတ်ကြီးတွေ မြင်ပြီးတော့ တောထွက်တာလေ၊ အဲဒီတော့ တော ထွက်တာ ဘာလို့တုန်း၊ စဉ်းစားမိလို့။

ဘုန်းကြီးတို့တတွေ အဘိုးတွေ အဘွားတွေ တွေ့ရင် "သူသာ အိုတယ်, ငါ မအိုဘူး"လို့ပဲ ထင်ကြတာ မဟုတ်လား။ ဘုန်းကြီးငယ်ငယ်တုန်းကလည်း အဲဒီလိုပဲ တွေးခဲ့ဖူးတယ်၊ "ဩော် ဒီအဘိုးကြီး အဘွားကြီးတွေက မွေးကတည်းက အဘိုးကြီး အဘွားကြီးပဲ၊ ငါတို့တော့ အဲဒီလိုဖြစ်မှာ မဟုတ်ဘူး"၊ အဲဒီလို အောက်မေ့တာ၊ အခုတော့ ကိုယ် အဘိုးကြီး ဖြစ်နေမှန်း ခုမှ သိရတယ်နော်၊ ငယ်ငယ်တုန်းက တကယ် မတွေးမိတာ၊ တွေးတာက အဲဒီပုံစံပဲ တွေးတယ်- "ဒီအဘိုးကြီးအဘွားကြီးတွေက မွေးကတည်းက အဘိုးကြီးအဘွားကြီး နေမှာပဲ"လို့ အောက်မေ့တာ။

ကဲ ကြည့်နော် တွေးကြရမယ်တဲ့ - လူအိုတွေ့ရင်လည်း "ငါလည်း အိုရဦးမှာပဲ, မအိုခင် ကောင်းတာတွေ လုပ်မှပဲ၊ လူနာတွေ့ရင် ငါလည်း နာရဦးမှာပဲ, မနာခင် ကောင်းတာတွေ လုပ်မှပဲ၊ လူသေတွေ့ရင် ငါလည်း သေရဦးမှာပဲ, မသေခင် ကောင်း

တာတွေ လုပ်မှပဲ"၊ ဒီလို စဉ်းစားရမယ်၊ စဉ်းစားပြီး တော့ ကုသိုလ်ကောင်းမှုတွေ များများလုပ်ရမယ်။

အဲဒီလို မလုပ်ဘဲနဲ့ မေ့လျော့ပြီး နေမယ်, အကုသိုလ်ဒုစရိုက်တွေနဲ့ပဲ ပျော်ပိုက်ပြီး နေမယ်ဆို လို့ ရှိရင် ဘယ်သူမပြု မိမိမှု၊ ကိုယ်လုပ်တာ ကိုယ်ပဲ ခံရမှာပဲ။

အဲဒါ ယမမင်းကြီးက အခုလို တမန်သုံးဦး ဖော်ထုတ်ပြီးတော့ စစ်ပေမယ့်လို့, အဲဒီလို မေးမြန်း ပေမယ့်လို့ တချို့ပုဂ္ဂိုလ်တွေက အမေ့ကြီး မေ့ပြီး တော့ ကုသိုလ်ကောင်းမှုတစ်ခုမှ မရှိတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ ယမမင်းကြီးက ဘာစီရင်ချက်မှ မချဘူး၊ ပြောစရာ မရှိတော့ဘူး၊ သူ့ခမြာ ခေါင်းကြီးငြိမ့်ပြီး တော့ နှုတ်ပိတ်နေပြီဆိုရင် ဒီလူကို ငရဲထိန်းတွေက ဆွဲခေါ်သွားကြတယ်။

အကယ်၍ အဲဒီလူက ကုသိုလ်ကောင်းမှု လုပ် ထားတာတွေကို ယမမင်းကြီးကိုယ်တိုင်ကလည်း သတိရတယ်၊ ယမမင်းကြီးကို အမျှဝေခဲ့တာတွေ

ယမမင်းကြီးက မှတ်ထားမယ်၊ အဲဒီလိုဆိုရင် ဒီ ပုဂ္ဂိုလ်ကို "နေပါဦး- မင်း ဘယ်တုန်းက ဘာလှူတာ ငါ့ကို မင်း အမျှဝေခဲ့တာ မဟုတ်လား"လို့ ဖော်ပေး လိုက်ရင် ဟိုလူက စဉ်းစားပြီးတော့ "ဟာ ဟုတ်တယ် ဟုတ်တယ်"တဲ့၊ ဒါဆို အဲဒီလူက ငရဲက လွတ်သွား တယ်။

သူ့ကို ယမမင်းကြီးက လွှတ်လိုက်တာ မဟုတ် ဘူး၊ သူ့ကံနဲ့သူ လွတ်သွားတာ၊ ကုသိုလ်ကို သတိရ လိုက်တာနဲ့ ကုသိုလ်ကံက အကျိုးပေးဖို့အတွက် ချက်ချင်း အကုသိုလ်ကံကို ဖယ်ရှားပြီး ကုသိုလ်ကံရဲ့ အကျိုးကို ထုတ်လုပ်တာ။

ကံတရားတွေဆိုတာ အလွန်စွမ်းအား ရှိတယ် နော်၊ ကံမကောင်း အကြောင်းမလှလို့ ငရဲကျသွားပေ မယ့်လို့ ကုသိုလ်ကံ ရှိရင် အဲဒီကုသိုလ်ကံက ပြန် ကယ်သွားနိုင်တယ်ပေါ့၊ ဘာဖြစ်လို့တုန်းဆိုလို့ရှိရင် ငရဲအသက်နဲ့ လူ့အသက်က မတူဘူး၊ ငရဲရဲ့အသက် ဟာ ကံပဲ၊ ကံရှိသမျှ ဘယ်တော့မှ မသေဘူး၊ သူက

ကံပေါ်မှာ မူတည်တယ်၊ လူရဲ့အသက်က ကံပေါ်မှာ မတည်ဘူး။ "အသက် ဉာဏ်စောင့်"လို့ ပြောကြတယ် မဟုတ်လား။

လူတွေက အသိဉာဏ်ကလေးနဲ့ ရာသီဥတုနဲ့ သင့်အောင် နေမယ်၊ အစားအစာ ကောင်းတာလေး စားမယ်ဆိုရင် အသက်ရှည်လာတယ်၊ ငရဲဘုံရောက် နေတဲ့သတ္တဝါတွေကျတော့ အဲဒီလို မဟုတ်ဘူးတဲ့၊ ကံ ရှိရင် ခံပေတော့နော်၊ ကံက မကုန်သေးရင် ကံကုန် သည်အထိ ခံရမယ်၊ သူတို့ရဲ့အသက်ဟာ ကံပဲ။

ဒီတော့ အဲဒီကံထက် အင်အားကြီးတဲ့ကံတစ်ခု ရလာပြီဆိုရင်လည်း အဲဒီကံကို ဖြတ်တောက်လိုက် တာပဲ၊ ခုနက ယမမင်းကြီးကနေ ဖော်ပေးလိုက်လို့ ကုသိုလ် သတိရရင် အဲဒီကုသိုလ်ကံကနေ ဖြတ် တောက်ပစ်လိုက်တယ်၊ ဖြတ်တောက်ပစ်လိုက်ပြီး တော့ ချက်ချင်းကုသိုလ်ကံ အကျိုးပေးတဲ့ဆီ ရောက် သွားပြန်တယ်၊ ဒါကို လွတ်သွားတယ်လို့ ခေါ်တာ နော်။

သီဟိုဠ်ကျွန်းမှာ အဲဒါမျိုး ဖြစ်ခဲ့တယ်၊ သီဟိုဠ်ကျွန်းက ဒီဃဇယန္တဆိုတဲ့ တမီလ်လူမျိုးဟာ ဘုရားကို ရွှေပြားကပ်ပြီးတော့ လှူခဲ့ဖူးတယ်၊ အဲဒီလို ရွှေပြားကပ်ပြီး လှူတဲ့အချိန်မှာ သူက ယမမင်းကြီးကို အမျှဝေခဲ့တယ်၊ အဲဒါကို ယမမင်းကြီးကနေ "မင်း လူ့ဘဝတုန်းက ငါ့ကို အမျှဝေခဲ့ဖူးတာပဲ၊ မင်း မမှတ်မိဘူးလား"လို့ ပြောတော့ သတိရသွားတယ်၊ တချို့ကျတော့ သူ့ဟာသူ အမှတ်ရသွားတာလည်း ရှိတယ်။

လူဆိုတာ အလားတူတာလေး တစ်ခုတွေ့လို့ရှိရင် အမှတ်ရတတ်တယ်၊ သင်္ကန်းလှူဖူးတဲ့လူက သင်္ကန်းရောင်နဲ့ မီးရောင်ကလည်း နီနီရဲရဲဆိုတော့ ခပ်ဆင်ဆင်ကိုး၊ ဖျပ်ဖျပ် ဖျပ်ဖျပ်ဖျပ်နဲ့ ငရဲမီးတွေ လောင်တာ မြင်တော့ သူ ဘာသွားသတိရတုန်း၊ သူလှူခဲ့တဲ့သင်္ကန်းလေး သွားသတိရတယ်၊ ယမမင်းကြီးတောင် မစစ်ဆေးလိုက်ရဘူး၊ သူ့ဟာသူ လွတ်သွားတယ်၊ ကုသိုလ်ကံအမှတ်ရလို့ရှိရင် သူ့ဟာသူ လွတ်သွားတယ်။

တစ်ခါတုန်းက စာအုပ်တစ်အုပ်ထဲ ဖတ်ဖူးတယ်၊ အဲဒီလူက ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ သို့သော် ဘုန်းကြီးကျောင်းတစ်ကျောင်းက သိမ်မှာ အမိုးမိုးဖို့ ရွာထဲမှာ သက်ကယ်အလှူခံတယ်၊ သူ့အိမ်မှာလည်းပဲ သက်ကယ်ရှိတယ်၊ သက်ကယ်နှစ်ပျစ် လှူလိုက်တယ်၊ တစ်နေ့မှာ သူသေငယ်ဇောနဲ့ မျောသွားတယ်၊ မျောသွားတဲ့အခါ ကြောက်စရာလူကြီးနှစ်ယောက်က သူ့ကို ဆွဲပြီးတော့ ငရဲအိုးထဲ ပစ်ချတယ်၊ ပစ်ချလိုက်တဲ့အခါ ခုနက သက်ကယ်နှစ်ပျစ်က အောက်ကနေ ခံတယ်တဲ့၊ ငရဲအိုးထဲ မရောက်ဘူး၊ ဒါနဲ့နောက်တစ်ခါ ထပ်ပစ်ချတယ်တဲ့၊ အောက်က သက်ကယ်တွေက ခံနေတယ်၊ အဲဒါနဲ့ပဲ သူပြန်ပြီးတော့ သတိရသွားတယ်လို့ ပြောတယ်။

ပြန်သတိရသွားတဲ့အခါ ဒါ သေငယ်ဇောနဲ့ မျောသွားပြီး ပြန်သတိရလာတာ၊ "ဒါ သက်ကယ်လှူခဲ့တာကြောင့်မို့ ငါ ငရဲမကျတာ"လို့ ဆိုပြီး ပြန်ပြောတဲ့ ဇာတ်လမ်းလေးတစ်ခု ရှိတယ်၊ စာအုပ်တစ်အုပ်

ထဲမှာ အဲဒီလို ရေးထားတယ်နော်၊ ဒါလည်းပဲ ယုတ္တိရှိတာပဲ၊ **ဘဝမှာ ကိုယ်လုပ်ခဲ့တာ ကိုယ်ရတာ။**

အဲဒီလို ငရဲရောက်သွားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ယမမင်းကြီးကနေပြီးတော့ ဖော်ထုတ်ပြီးတော့ မပေးနိုင်လောက်အောင် အကုသိုလ်တွေချည်းပဲ လုပ်လာတဲ့ပုဂ္ဂိုလ်ကျတော့ ယမမင်းကြီးက ငြိမ်နေလိုက်တယ်တဲ့၊ ဘာမှ ဆက်မပြောတော့ဘူး၊ မပြောတာနဲ့ တစ်ပြိုင်နက်တည်း ခုနကခေါ်လာတဲ့ ငရဲသားတွေက လက်ဆွဲအတင်းခေါ်ပြီးတော့ ညှဉ်းဆဲတဲ့အလုပ်တွေ စလုပ်ကြတော့တာပဲ။

ဘယ်လို ညှဉ်းဆဲကြတုန်းဆိုလို့ရှိရင် သူ့ကိုရင်ဝကို သံချွန်ကြီးတွေ ရိုက်သွင်းကြတယ်၊ လက်ဝါးနှစ်ဖက်ကိုလည်းပဲ သံချွန်တွေ ရိုက်သွင်းကြတယ်၊ ခြေထောက်နှစ်ဖက်ကိုလည်းပဲ သံချွန်တွေ ရိုက်သွင်းကြတယ်၊ အဲဒီငရဲသားဟာ ဘယ်လောက်ခံရမလဲဆိုတာ စဉ်းစားကြည့်၊ မသေမချင်း ခံရော၊ သေလည်း မသေဘူး၊ ပြီးတော့ ဘာလုပ်လဲဆိုလို့ရှိရင် လှဲ

အိပ်ခိုင်းပြီးတော့ ဓားမတွေနဲ့ တစ်ကိုယ်လုံးကို ခုတ်ထစ်ကြတယ်၊ ဓားနဲ့ ရွှေကြတယ်၊ အဲဒါလည်းပဲ ဒီလူက မသေဘူး၊ ခုတ်ပြီးပြတ် ပြန်ဆက် ပြန်ရှင်၊ အဲလို မျိုး နေရတယ်။

အဲဒီကနေပြီးတော့ နောက်ဘာလုပ်တုန်းဆိုလို့ ရှိရင် မီးကြီးခဲတွေရဲနေတဲ့ တောင်ပေါ်ကို မောင်းတင်ကြတယ်၊ မောင်းတင်တော့ အပေါ်တက်၊ မီးကျီးခဲက ပူလို့ မတက်ရင် အနောက်က ရိုက်၊ မီးကျီးတောင်ပေါ် တက်လိုက် ဆင်းလိုက်၊ အဲဒီလို လုပ်စေတယ်။

နောက် မြင်းရထားလို လှည်းလိုဟာမှာ က, ပြီးတော့ မီးကျီးပြင်ထဲမှာ မောင်းတာတဲ့၊ အမျိုးစုံ ညှဉ်းဆဲတာပေါ့လေ၊ ညှဉ်းဆဲပုံ ညှဉ်းဆဲနည်းတွေ အမျိုးစုံ ပြထားတယ်၊ အဲဒီဒေဝဒူတသုတ္တန်ထဲမှာ။

နောက်ဆုံးကျတော့ ဘာလုပ်တုန်းဆိုရင် ခြေထောက်နှစ်ချောင်း ကိုင်ပြီးတော့ ပွက်ပွက်ဆူနေတဲ့ ငရဲအိုးကြီးထဲ ပစ်ချကြတယ်၊ အမြှုပ်တစီစီနဲ့ မြုပ်ပြီး

ဝဲလည်နေတယ်၊ နောက်ဆုံးပေါ်လာတယ်၊ ပေါ်လာတဲ့အခါ ပြန်ဆယ်၊ ပြန်ဆယ်ပြီးတော့ အဝီစိ ငရဲကြီးထဲကို ပစ်လွှတ်လိုက်ပြန်တယ်၊ ကံမကုန်သမျှ အဲဒီပုဂ္ဂိုလ်ဟာ ခံရော။

လူ့ဘဝရလိုက်ရင် ဘယ်လောက်ကောင်းမလဲ၊ ဒီဒုက္ခတွေ သူက မြင်နေတော့ သနားတယ်၊ လူ့ဘဝရမှ ဒီဒုက္ခတွေက လွတ်နိုင်မှာကိုး၊ လူ့ဘဝရရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ လူ့ဘဝရတဲ့အချိန်မှာ ဘုရားများ ပွင့်လာရင် ဘယ်လောက် ကောင်းလိုက်မလဲ၊ ဘုရားကို ဆည်းကပ်ကိုးကွယ်ခွင့် ရရင် ဘယ်လောက်ကောင်းမလဲ၊ အဲဒီဆည်းကပ်ကိုးကွယ်တဲ့ဘုရားက ငါ့ကို တရားဟောရင် ဘယ်လောက်ကောင်းမလဲ၊ ဘုရားဟောတဲ့တရားကို သိရှိနားလည်လိုက်ရရင် ဘယ်လောက်ကောင်းမလဲဆိုတဲ့ ဒီဆန္ဒကို ထုတ်ဖော်ပြောကြားပါတယ်။

ဒါ့ကြောင့် တရားချစ်ခင် သူတော်စင်ပရိသတ်တို့သည် ယမမင်းကြီး ဆန္ဒပြုခဲ့တဲ့အတိုင်း ဘုန်းကြီး

တို့တတွေက လူ့ဘဝကို ရနေကြပြီ၊ ဘုရားပွင့်တဲ့ သာသနာမှာလည်းပဲ ကြုံနေကြရပြီ၊ ဘုရားကိုလည်း ဆည်းကပ်ကိုးကွယ်နေကြရပြီ၊ မြတ်စွာဘုရားဟော တဲ့ တရားဓမ္မတွေဟာ ဒီကနေ့ထိ ထွန်းကားနေတုန်း ဖြစ်တော့ ဘုရားဟောတဲ့ တရားတွေကိုလည်းပဲ ဓမ္မကထိကဆရာတော်တွေဆီက ကြားနာရပြီ၊ အဲဒီ တရားတွေကိုလည်း ထိုက်သည့်အလျောက် တို့တတွေ သိရှိ နားလည်ကြရပြီ၊ ဒီ့ထက် ပိုသိအောင် သီလ သမာဓိ ပညာဆိုတဲ့ ဘာဝနာကျင့်စဉ်တွေကို ကျင့် ကြရမယ်။

နောက်ဆုံးမှာ သန္တိသုခဆိုတဲ့ နိဗ္ဗာန်အငြိမ်း ဓာတ်ကို ရမှသာလျှင် ဒီဆင်းရဲဒုက္ခကနေ ကွင်းလုံး ကျွတ် လွတ်မှာပါလို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ တရားဓမ္မတွေကို သိသည်ထက် သိအောင်, ဒါနကောင်းမှုပြုတဲ့နေရာ မှာ ဒါနအကြောင်း သိပြီး ဒါနလုပ်ဖို့, သမထဝိပဿနာ ဘာဝနာတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ပြီး

တော့ အသိဉာဏ်ထူးတွေ ရဖို့၊ နောက်ဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးတဲ့အခါကျမှ သံသရာထဲမှာ ကြုံတွေ့နေရတဲ့ ဒုက္ခအမျိုးမျိုးမှ လွတ်မှာ၊ ဘုံဘဝထဲမှာ ရှိနေသမျှ အို နာ သေ ဆိုတဲ့ ဒုက္ခဘေးတွေက မလွတ်နိုင်၊ အဲဒီဒုက္ခတွေအားလုံးက လွတ်ရာ ငြိမ်းရာ ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ကို တို့တတွေ ရောက်ရှိမှသာ ဒုက္ခငြိမ်းမှာ ဖြစ်တယ်လို့ ကိုယ်စီ ကိုယ်င ရရှိထားတဲ့အခွင့်ကောင်းကြီးကို လက်လွတ်ဆုံးရှုံးခြင်း မဖြစ်စေဘဲနဲ့ သတိတရားကြီးစွာဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘမိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ ပုရပိုက်ဓမ္မဖြန့်ချိရေး
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူ့ဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမက္ခာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍိကာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနသတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]